# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914
Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက် | ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၅)၊ အမှတ်(၁၃၂)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဖေဖော်ဝါရီ ၈

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားရင်ဆိုင် ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံပွဲကို ယနေ့ညနေပိုင်းတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး Banquet Hall ၌ ကျင်းပပြုလုပ်သည်။**

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယခုကျင်းပပြုလုပ်သည့် ဂုဏ်ပြုညစာစားပွဲတွင် အမှာစကား ပြောကြားခွင့်ရသည့်အတွက် အထူးပင်ဝမ်းမြောက်မိကြောင်းကို ဦးစွာ ပြောကြားလိုကြောင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် လူမျိုးသုဉ်းစေမှု Genocide ဖြင့် စွဲဆိုထားသည့်အမှုကို နောက်ဆုံးအပြန်အလှန် နှုတ်ဖြင့်လျှောက်လဲချက် ကြားနာစစ်ဆေးမှု Oral Hearing ၌

*စာမျက်နှာ ၃ ကော်လံ ၁ ➜*

## ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအတွက် အထောက်အကူပြုစေရန် ပထဝီဝင်ဘာသာရပ်ဆိုင်ရာသိကောင်းစရာများကို ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၁၆) နှင့် (၁၇) တို့တွင် ဖော်ပြထားပါသည်။


**ယနေ့** ဖတ်စရာ

**စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု MSME လုပ်ငန်းတွေကို ဒစ်ဂျစ်တယ်နည်းပညာနဲ့ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်ဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ Digital Corner ပြခန်းကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်**

ပြည်တွင်းသတင်း စာ ၈

# “အရေးကြီးပြီ သွေးစည်းကြစို့” ဟူသည့်အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့် ယခုအမှုအပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံးလက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝ ထောက်ခံရပ်တည်ခဲ့ကြသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု၏ သာဓကတစ်ရပ်ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်”

❍ *ရွှေဖုံးမှ*

မြန်မာနိုင်ငံဘက်မှ သွားရောက်ရင်ဆိုင် လျှောက်လဲခဲ့ကြသည့် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာတစ်နိုင်ငံလုံးရှိ ပြည်သူလူထုက သောင်းသောင်းဖြဖြ ထောက်ခံအားပေး ဂုဏ်ပြုကြိုဆိုခဲ့ကြသည့်နည်းတူ နိုင်ငံတော်အစိုးရကလည်း နိုင်ငံတော်ကိုကိုယ်စားပြုပြီး ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲဖြင့် ဂုဏ်ပြုကြိုဆိုခြင်းပင် ဖြစ်ကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ဂမ်ဘီယာနိုင်ငံမှ ၂၀၁၉ ခုနှစ်တွင် စတင်စွဲဆိုခဲ့သည့် ယင်းအမှုသည် ၆ နှစ်ကျော်ကြာမြင့်ခဲ့ပြီးနောက် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ၌ အမှုကြားနာစစ်ဆေးသည့် Merit အဆင့် ပြီးဆုံးသွားခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူခဲ့ပြီးနောက် အမှုကိစ္စနှင့်ပတ်သက်၍ အစိုးရများနှင့် သက်ဆိုင်သည့် နိုင်ငံတကာဥပဒေ Public International Law အရ ရှေ့ကအစိုးရ၏ လုပ်ဆောင်ခဲ့သည့်လုပ်ငန်းနှင့် ကတိကဝတ်များကို ယေဘုယျအားဖြင့် ဆက်ခံရမည့် Succession of State တာဝန်ရှိမှုနှင့်အညီ ဆက်လက်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း။

### ရွေးချယ်ခန့်အပ်တာဝန်ပေး

ထိုကဲ့သို့ ဆက်ခံဆောင်ရွက်နိုင်ရေး အပြည်ပြည်ဆိုင်ရာတရားရုံးက ၂၀၂၁ ခုနှစ် နှစ်လယ်ပိုင်းလောက်တွင် စတင်ဆက်သွယ်လာခဲ့ပြီးသည့်နောက် မိမိတို့အစိုးရအနေဖြင့် ယင်းအမှုကို ဆက်ခံဆောင်ရွက်သင့်မသင့် တာဝန်ရှိသူများအကြား အကျေအလည်ဆွေးနွေးခဲ့ကြပြီးနောက် ထိုအချိန်တွင် ဖြစ်ပေါ်နေသည့် နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေများအရ ယင်းအမှုကိုဆက်လက်ပြီး တာဝန်ယူဆောင်ရွက်သင့်သည်ဟု ဆုံးဖြတ်ခဲ့ပြီး တာဝန်ခံဆောင်ရွက်မည့် Agent နှင့် Alternate Agent ကိုယ်စားလှယ်နှစ်ဦးကို ရွေးချယ်ခန့်အပ် တာဝန်ပေးခဲ့ကြောင်း။

အဆိုပါကာလက နိုင်ငံတကာနှင့် ပြည်တွင်းနိုင်ငံရေးအခြေအနေကို ပြန်ပြောင်းလေ့လာမည်ဆိုပါက မြန်မာနိုင်ငံအတွက် ပြည်တွင်းပြည်ပဖိအားများနှင့် စိန်ခေါ်မှုများ များပြားနေခဲ့သည့် အချိန်ဖြစ်ကြောင်း၊ ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်းများတွင် မိမိတို့အစိုးရကို တရားဝင်အသိအမှတ်ပြုရန် တွန့်ဆုတ်နေခဲ့ကြပြီး ကုလသမဂ္ဂအထွေထွေညီလာခံ၌ပါ မြန်မာအမြဲတမ်းကိုယ်စားလှယ်အနေဖြင့် သစ္စာဖောက် ဘက်ပြောင်းသွားသည့်အတွက် နိုင်ငံတကာစင်မြင့်၌ ပြောရေးဆိုခွင့် ဆုံးရှုံးနေရသည့်အချိန်ဖြစ်ကြောင်း၊ အလားတူ အာဆီယံတွင်လည်း မြန်မာအစိုးရခေါင်းဆောင်များကို နိုင်ငံရေးအရ ဘေးဖယ်ထားခြင်းခံရသည့် အချိန်လည်းဖြစ်ကြောင်း။

ပြည်တွင်း၌လည်း ကိုဗစ်-၁၉ ကပ်ရောဂါ ပြင်းထန်ပျံ့နှံ့နေသကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့် ဆူပူမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြင်းထန်နေခဲ့သည့် အချိန်လည်း ဖြစ်ကြောင်း၊ ထိုကဲ့သို့ အချိန်ကာလတွင် ယင်းအမှုကိုဆက်ခံပြီး ဆောင်ရွက်ပါက ဖြစ်လာနိုင်သည့်အလားအလာကိုအကောင်းအဆိုးအကျိုးအပြစ်များကို လေ့လာချိန်ဆပြီးမှ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆုံးဖြတ်ရသည့် အဓိကအကြောင်းအရင်းမှာ အပြည်ပြည်ဆိုင်ရာတရားရုံးအနေဖြင့် မြန်မာဘက်က ဆက်ခံဆောင်ရွက်သည်ဖြစ်စေ၊ မဆောင်ရွက်သည်ဖြစ်စေ အမှုကိစ္စကို တရားပြိုင်ဘက်က မပါဝင်ဘဲလည်း တစ်ဖက်သတ် စစ်ဆေးသွားနိုင်ပါကြောင်း၊ ထိုကဲ့သို့ တစ်ဖက်သတ် စစ်ဆေးခဲ့ပါက တစ်ဖက်သတ်အချက်အလက်များကိုသာ ရယူစစ်ဆေးမည်ဖြစ်၍ မလိုလားအပ်သည်များဖြစ်လာနိုင်ကြောင်း၊ ထိုသို့ဆိုပါက မြန်မာနိုင်ငံအနေဖြင့် သမိုင်းတစ်လျှောက် ဖျောက်မရသည့် ဂုဏ်သိက္ခာအမည်းစက်ကြီး စွန်းထင်းသွားမည်ဖြစ်သကဲ့သို့ နောက်ဆက်တွဲအနေဖြင့် အခြားမလိုလားအပ်သည့်ကိစ္စများ ဆက်လက်တွဲပါလာနိုင်ကြောင်း၊ ထို့ကြောင့် ယင်းအချိန်ကာလအခြေအနေများအရ အကောင်းဆုံးဖြေရှင်းချက်အဖြစ် အဆိုပါနည်းလမ်းကို ရွေးချယ်ခဲ့ရခြင်းဖြစ်ကြောင်း။

### ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခဲ့

တစ်ဖက်တွင်လည်း မိမိတို့ဘက်က အဆင့်ဆင့် တရားရင်ဆိုင်ရတော့မည်ဆိုပါက အကောင်းဆုံးပြင်ဆင်နိုင်ရေးအတွက် နိုင်ငံခြားရေး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ ဥပဒေရေးရာ၊ လူဝင်မှုကြီးကြပ်ရေး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး စသည့် သက်ဆိုင်ရာဝန်ကြီးဌာနပေါင်းစုံပါဝင်သည့် အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားရင်ဆိုင်ရေးဆိုင်ရာ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပြီး ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်ခဲ့ကြောင်း။

ဥပဒေအထောက်အကူပြု အနေဖြင့်လည်း ပြည်တွင်းက ဝါရင့်ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းပြီး ဥပဒေပိုင်းဆိုင်ရာအကြံဉာဏ်များ ရယူခဲ့သကဲ့သို့ နိုင်ငံတကာရှေ့နေအဖွဲ့ကိုလည်း ယင်းအမှုတွင် လိုက်ပါဆောင်ရွက်ရန် ငှားရမ်းဖွဲ့စည်းခဲ့ရကြောင်း၊ ထို့အပြင် သမိုင်းကြောင်းအချက်အလက်များ ပြည့်စုံမှန်ကန်စွာ ရရှိနိုင်ရေးအတွက် ရခိုင်သမိုင်းဆိုင်ရာ ပြည်ပကျွမ်းကျင်ပညာရှင်



မြန်မာကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားရင်ဆိုင် ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားစဉ်။

တစ်ဦးကိုပါ ငှားရမ်း၍ ဆောင်ရွက်ခဲ့ပါကြောင်း။

ထိုကဲ့သို့ စနစ်တကျဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့သည့်အတွက် မူလချမှတ်ထားသည့် မဟာဗျူဟာအတိုင်း အချိန်အလုံအလောက်ရရှိခဲ့ပြီး အမှုအတွက် ပြင်ဆင်မှုလုပ်ငန်းများကိုလည်း ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ လုပ်ဆောင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

### ခိုင်မာအားကောင်းစွာ ချေပလျှောက်လဲနိုင်ခဲ့

ယင်းအမှု စစ်ဆေးကြားနာမှု၏ နောက်ဆုံးအဆင့်ဖြစ်သည့် နှုတ်ဖြင့် စစ်ဆေးကြားနာပွဲကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်အထိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ကျင်းပခဲ့ရာတွင် မိမိတို့ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ပြည့်စုံသည့် ကြိုတင်ပြင်ဆင်မှုများရှိခဲ့သောကြောင့် ခိုင်မာအားကောင်းစွာ ကာကွယ်ချေပလျှောက်လဲနိုင်ခဲ့သည်ကို တွေ့ရပါကြောင်း၊ ထို့အတွက်လည်း မိမိတို့၏ အေးဂျင့်နှစ်ဦး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ကို နိုင်ငံတော်အနေဖြင့် ချီးကျူးဂုဏ်ယူသည်ကို ပြောကြားလိုပါကြောင်း။

အမှန်ဆိုပါက အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံက ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် ယခုအမှုသည် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် တစ်သင်းတစ်ဖွဲ့ကိုစွဲဆိုခြင်းမဟုတ်ဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို စွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၊ ပြည်သူလူထုနှင့် နိုင်ငံအစိုးရတို့အပါအဝင် တစ်နိုင်ငံလုံးကို တရားပြိုင်အဖြစ် စွဲဆိုတာဖြစ်သဖြင့် နိုင်ငံ၏ ဂုဏ်သိက္ခာ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ဂုဏ်သိက္ခာနှင့် တိုက်ရိုက်ပတ်သက်နေခြင်းဖြစ်ပြီး မိမိတို့နိုင်ငံအတွက် အထူးအရေးပါသည့် ကိစ္စတစ်ရပ်လည်း ဖြစ်ကြောင်း။

ယခုအမှုတွင် မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ဥပဒေကြောင်းဆိုင်ရာအရ လည်းကောင်း၊ အချက်အလက်ပိုင်းဆိုင်ရာအရ လည်းကောင်း၊ ပြည့်ပြည့်စုံစုံ ခိုင်ခိုင်မာမာ ရပ်တည်ချေပလျှောက်လဲနိုင်ခဲ့ကြောင်း သိရှိရသည့်အတွက်လည်း မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်တကွ ဝိုင်းဝန်းပံ့ပိုးကူညီပေးခဲ့ကြသည့် သက်ဆိုင်ရာဌာနအားလုံးကို နိုင်ငံတော်အနေဖြင့် အထူးပင်ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုပါကြောင်း။

ယင်းအမှုကိစ္စသည် မြန်မာနိုင်ငံအတွက် အလွန်ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ် ဖြစ်သော်လည်း ယင်းစိန်ခေါ်မှုမှ မြန်မာနိုင်ငံအနေဖြင့် အကျိုးအမြတ်ရရှိအောင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ ယင်းအကျိုးအမြတ်များအနက် အရေးအကြီးဆုံးအချက်တစ်ရပ်မှာ **“အရေးကြီးပြီ သွေးစည်းကြစို့”** ဟူသည့်အတိုင်း မြန်မာနိုင်ငံအပေါ် မတရားစွပ်စွဲခံရသည့် ယခုအမှုအပေါ် မြန်မာပြည်သူလူထုတစ်ရပ်လုံးက နိုင်ငံတော်အစိုးရနှင့်အတူ စည်းစည်းလုံးလုံးလက်တွဲပြီး နိုင်ငံချစ်စိတ်နှင့် ကိုယ့်နိုင်ငံဘက်က အပြည့်အဝ ထောက်ခံရပ်တည်ခဲ့ကြသည့်အတွက် အမျိုးသားစည်းလုံးညီညွတ်မှု၏ သာဓကတစ်ရပ်ရရှိခဲ့သည်ဟု ဆိုရမည်ဖြစ်ကြောင်း။

နောက်ထပ်အကျိုးအမြတ်တစ်ခု အနေဖြင့် နှစ်ပေါင်းများစွာရှိနေခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်းပြဿနာ၏ အရင်းအမြစ်တစ်ခုဖြစ်သည့် နိုင်ငံရေးအရ လုပ်ကြံဖန်တီးထားသည့် အမည်အမှတ်သရုပ်လက္ခဏာတစ်ရပ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို နိုင်ငံတကာစင်မြင့်တွင် အထောက်အထားအခိုင်အမာဖြင့် တင်ပြခွင့်ရခဲ့ခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် ဥပဒေပိုင်းဆိုင်ရာတွင်လည်း ယင်းအမှုမှ နိုင်ငံတကာအဆင့် အတွေ့အကြုံများရရှိခဲ့ပြီး မိမိနိုင်ငံအတွက် ဥပဒေကြောင်းအရ အလားတူ ထိုးနှက်တိုက်ခိုက်လာခြင်းမျိုး ထပ်မံရှိလာပါက မည်ကဲ့သို့ အကောင်းဆုံးပြင်ဆင်သွားမည်ဟူသည့် အသိအမြင်ဗဟုသုတများ ရရှိနိုင်ခဲ့သည်မှာလည်း အဆိုးထဲကအမြတ်တစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း။

ကုလသမဂ္ဂ၏ လက်အောက်ခံအဖွဲ့အစည်းဖြစ်သည့် ICJ အနေဖြင့် မည်ကဲ့သို့သော ရည်ရွယ်ချက်ရှိသည်ဖြစ်စေ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယခုအမှုကိစ္စနှင့်ပတ်သက်၍ ကိစ္စကြီးငယ်မခွဲခြားဘဲ မဆုတ်မနစ်သော ဇွဲ၊ လုံ့လဖြင့် (ခြင်္သေ့ကသားကောင်ကိုလိုက်သည့် ဥပမာကဲ့သို့) စနစ်တကျပြင်ဆင်၍ အင်ပြည့်အားပြည့်ဖြင့် ဆောင်ရွက်ခဲ့သည့်အတွက်ကြောင့် ယခုကဲ့သို့ အခြေအနေမျိုးအထိ ရောက်လာနိုင်ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်နှစ်ဦးနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် ဂုဏ်ပြုပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။

မည်သို့ပင်ဖြစ်စေ နိုင်ငံငယ်များအနေဖြင့် ကိုယ်ထူကိုယ်ထ၊ ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နေကြရသည့် မျက်မှောက်ခေတ်အင်အား နိုင်ငံရေး နိုင်ငံတကာအခင်းအကျင်းတွင် မည်ကဲ့သို့စိန်ခေါ်မှုများဖြင့် ရင်ဆိုင်ရသည်ဖြစ်စေ မိမိတို့နိုင်ငံ၏ အသက်အမျှအရေးပါသည့် အကျိုးစီးပွားများဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားပြည်သူလူထုတို့အကြား ယခုဖြစ်စဉ်မှာကဲ့သို့ပင် အတူတကွ စည်းလုံးညီညွတ်စွာ လက်တွဲစောင့်ရှောက် ကာကွယ်သွားကြရေး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်းကို တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)၌ တရားရင်ဆိုင်ကြားနာပွဲသို့ သွားရောက်ဖြေရှင်းခဲ့မှုအခြေအနေများနှင့် ပတ်သက်၍ မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ခဲ့ပြီး လိုအပ်သည့်အချက်အလက်များ စုဆောင်းခြင်း၊ ဖြစ်စဉ်ဖြစ်ရပ်မှန်များနှင့် သမိုင်းကြောင်းအချက်အလက်များ ပြည့်စုံစွာရရှိစေရေး ဆောင်ရွက်ခြင်း၊ ပြည်တွင်းမှ ဝါရင့်ဥပဒေပညာရှင်ကြီးများနှင့် ဥပဒေအကြံပေးအဖွဲ့ ဖွဲ့စည်း၍ ဥပဒေပိုင်းဆိုင်ရာ အကြံဉာဏ်များရယူခြင်း၊ အမှုတွင် လိုက်ပါဆောင်ရွက်နိုင်ရေး နိုင်ငံတကာရှေ့နေအဖွဲ့နှင့် သမိုင်းဆိုင်ရာပညာရှင်တစ်ဦး ငှားရမ်းဖွဲ့စည်းခြင်းတို့ကို စနစ်တကျဖြင့် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုကြား ဖြည့်ဆည်းမှုများနှင့်အတူ အကောင်းဆုံးဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်းနှင့် မိမိတို့ကိုယ်စားလှယ်အဖွဲ့ဝင်များအား ယခုကဲ့သို့ ဂုဏ်ပြုညစာစားပွဲအခမ်းအနားဖြင့် ကြိုဆိုဂုဏ်ပြုမှုအပေါ် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများသည် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား မှခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

**နေပြည်တော် ဖေဖော်ဝါရီ ၈**

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရင်ပြင်၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများ၊

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြစ်သည့် "စက်မှုကုန်စည်ပြပွဲဆီ" သီချင်းနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

❖ **၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “စက်မှုကုန်စည်ပြပွဲဆီ” သီချင်းနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးစဉ်။

*စာမျက်နှာ ၄ မှ*

နေပြည်တော်ကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အသင်းအဖွဲ့များနှင့် ပြခန်းတာဝန်ခံများ၊ တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားကျင်းပမည့်နေရာသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးချစ်ဆွေနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ***စာမျက်နှာ ၆ သို့***



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြခန်းများအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာစဉ်။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့်ပြခန်းများအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးစဉ်။

*စာမျက်နှာ ၅ မှ*

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနားမှခ်ဦးအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “စက်မှုကုန်စည်ပြပွဲဆီ” သီချင်းနှင့်အတူ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၏ ကပြဖျော်ဖြေတင်ဆက်မှုအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက်ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြည်ထောင်စုဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဒေသထွက်ကုန်ပစ္စည်းများပြခန်းနှင့် အရောင်းပြခန်းများ၊ MSME လုပ်ငန်းရှင်များ၏ MSME ထုတ်ကုန်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာ ရင်းရင်းနှီးနှီး လိုက်လံကြည့်ရှု လေ့လာကြပြီး ပြခန်းတာဝန်ခံများ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ ပါဝင်ခင်းကျင်းပြသထားသည့် ပြခန်းအား စိတ်ပါဝင်စားစွာ လိုက်လံကြည့်ရှုလေ့လာပြီး ပြခန်းတာဝန်ခံ၏ ရှင်းလင်းတင်ပြမှုများအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးစဉ်။

အဆိုပါ ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်များကို လျှော့ချရေးနှင့် သွင်းကုန်အစားထိုးထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းစီးပွားရေး ကောင်းမွန်လာစေပြီး အလုပ်အကိုင်အခွင့်အလမ်း ပေါများလာစေရန်၊ ဒေသအလိုက် ဒေသတစ်ခုထုတ်ကုန်တစ်ခု (OROP)အစီအစဉ်များ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက် ပူးပေါင်းဆောင်ရွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးမှုသက်သက်သာမက ဒေသအသီးသီးမှ လုပ်ငန်းရှင်အချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှု၊ ရိုင်းပင်းကူညီမှု၊ ရိုးရာဓလေ့ယဉ်ကျေးမှုများ၊ ဗဟုသုတများ ဖလှယ်ရရှိမှု၊ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် တိုးတက်ထုတ်လုပ်နိုင်ခြင်းအားဖြင့် ပြည်ပဈေးကွက်သို့ ချိတ်ဆက်နိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခု ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော် အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် MSME ထုတ်ကုန်ပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့်ဆိုင်ခန်းများ၊ လုပ်ငန်း/စီးပွား ချိတ်ဆက်မှုများ (Business Matching)၊ နည်းပညာပြခန်းများ၊ လယ်ယာသုံးစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ၊ Solar Farm များ၊ SKD ဦးစားပေး လျှပ်စစ်သုံး မော်တော်ယာဉ်/ မော်တော်ဆိုင်ကယ်/ သုံးဘီးဆိုင်ကယ် ပြခန်းများ၊ အထည်ချုပ်ပြခန်းများ၊ ကုမ္ပဏီပြခန်းများ အပါအဝင် စုစုပေါင်း ပြခန်းပေါင်း ၁၂၀ ကျော်အား ပြသရောင်းချလျက်ရှိကြောင်းနှင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်အား ဖေဖော်ဝါရီ ၁၃ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်ကာလအတွင်း နိုင်ငံကျော် အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အများပြည်သူများအနေဖြင့် လွတ်လပ်စွာ လာရောက်လေ့လာဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများ အသင်းချုပ်မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အား ရန်ကုန်တက္ကသိုလ်က အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa) ကို ဖေဖော်ဝါရီ ၅ ရက်တွင် ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A .honoris causa)ကိုချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ပြီး ထိုသို့ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးစည်ပင်သာယာဝပြောရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ တိုးတက်ခိုင်မာအောင် ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းချုပ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI)မှ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုအခက်အခဲများ၊ နိုင်ငံရေး အသွင်ကူးပြောင်းမှုဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် နိုင်ငံရေးဖိအားပေးမှုများ၊ စီးပွားရေးပိတ်ဆို့မှုများ၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားရင်ကြားစေ့ရေးလုပ်ငန်းများ၊ နိုင်ငံတကာအသိုက်အဝန်းများနှင့် လိုက်လျောညီထွေရှိနိုင်မည့် ပြုပြင်ပြောင်းလဲမှုများ စသည့် စိန်ခေါ်မှုများစွာကို အခက်အခဲအကျပ်အတည်းများကြားမှ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲဖြေရှင်းနိုင်ခဲ့သကဲ့သို့ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က ယခုကဲ့သို့ ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A .honoris causa)ကို ချီးမြှင့်အပ်နှင်းခဲ့ခြင်းအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အနေဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌအနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံသားများ၏လူမှုစီးပွားဘဝ တိုးတက်မြင့်မားရေးအတွက် ပြည်သူ့အကျိုးကို ဆတက်ထမ်းပိုးထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**နာယက၊ ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)**

# မြန်မာ-တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)က အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ထုတ်ပြန်ကြေညာချက်

**နေပြည်တော်၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် ကဏ္ဍအသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်မြောက်စွာ ကိုယ်ကျိုးစွန့် အနစ်နာခံပြီး စွမ်းဆောင်နိုင်ခဲ့ခြင်း၊ အင်အားကြီးနိုင်ငံများ၏ အားပြိုင်မှုများအကြားမှ မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကိုကာကွယ်ပြီး သံတမန်ဆက်ဆံရေး နည်းလမ်းများကို ဖော်ဆောင်နိုင်ခဲ့ခြင်း၊ မြန်မာ့နိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ဆောင်ရွက်ချက်သမိုင်းမှတ်တိုင်တစ်ခုဖြစ်သည့် စိန်ခေါ်မှုများအကြားမှ ပြည်သူများအထူးလိုလားတောင့်တမျှော်လင့်လျက်ရှိသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်ခဲ့ခြင်းတို့အတွက် ရန်ကုန်တက္ကသိုလ်က ဖေဖော်ဝါရီ ၅ ရက်တွင် အထူးဘွဲ့နှင်းသဘင်အခမ်းအနားဖြင့် ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration (D.P.A. honoris causa)ကို ချီးမြှင့်အပ်နှင်းခံရခြင်းအပေါ် မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP) အနေဖြင့် အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာ–တရုတ် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေးအသင်း(MCITP)**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ကြေညာချက်

**၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ (၇) ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ရာသက်ပန် နာယကကြီး ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် . မြန်မာနိုင်ငံ၏ နိုင်ငံရေး အပြောင်းအလဲ ဖြစ်စဉ်တွင် ကြုံတွေ့ခဲ့ရသည့် အခက်အခဲများကို ဦးဆောင်ဦးရွက်ပြုပြီး စနစ်တကျစီမံခန့်ခွဲ ဖြေရှင်းနိုင်ခဲ့သည့် စွမ်းဆောင်ချက်များနှင့် ဖြစ်စဉ်တိုင်းတွင် ကြုံတွေ့ခဲ့ရသည့် စိန်ခေါ်မှုများကြားမှ နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း စသည့်ကဏ္ဍ အသီးသီးတွင် ဘက်စုံကဏ္ဍစုံမှ ထူးခြားပြောင်းမြောက်စွာ ကိုယ်ကျိုးစွန့်အနစ်နာခံပြီး နိုင်ငံတော်နှင့်ပြည်သူ့အကျိုးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အတွက် ထိုသို့ ထူးကဲသောဂုဏ်ဒြပ်များကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တက္ကသိုလ်က **ဂုဏ်ထူးဆောင်ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပါရဂူဘွဲ့ Honorary Doctor of Public Administration** ( D.P.A . honoris causa) ကို ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် အထူးဘွဲ့နှင်းသဘင် အခမ်းအနားဖြင့် အပ်နှင်းခဲ့ခြင်းအပေါ် မြန်မာနိုင်ငံ၏ အမျိုးသားရေးအသင်းကြီးဖြစ်သော ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) အနေဖြင့် အထူး ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

# စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု MSME လုပ်ငန်းတွေကို ဒစ်ဂျစ်တယ်နည်းပညာနဲ့ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ဖို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ Digital Corner ပြခန်းကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ပါတယ်

**(ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျ)**

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှစ၍ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကိုယ်စားပြုပြခန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်–

**မေး ။ ။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ဈေးရောင်းပွဲတော် (နေပြည်တော်) မှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ Digital Corner ပြခန်းမှာ ဘယ်လိုပြသဆောင်ရွက်နေလဲဆိုတာ သိရှိလိုပါတယ်။**

**ဖြေ ။ ။** သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက ပြခန်းအမှတ်(၃၅)၊ Digital Corner ပြခန်းမှာ "နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့" ဆိုတဲ့ အမျိုးသားရေးဆောင်ပုဒ်ကြီးတွေကို အောင်မြင်အောင် ဆောင်ရွက်ရာမှာ ဒစ်ဂျစ်တယ်နည်းပညာနဲ့ ဘယ်လိုမျိုး တစ်တပ်တစ်အား အထောက်အကူပြု ဆောင်ရွက်နိုင်တယ်ဆိုတာကို လက်တွေ့ကျကျ ပြသထားပါတယ်။

အထူးသဖြင့် မနှစ်က ကျင်းပခဲ့တဲ့ ပြည်ထောင်စုအဆင့် MSME ပြပွဲရဲ့ Digital Corner ပြခန်းမှာ နိုင်ငံတော်အကြီးအကဲရဲ့ ဒစ်ဂျစ်တယ်ပြကွက်သုံးခု လမ်းညွှန်ချက်တွေအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတွေကိုပါ တင်ပြထားတာကို စတင်ဖြေကြားလိုပါတယ်။ ဒစ်ဂျစ်တယ်ပြကွက် ၁ AgroSight : Agricultural Market Insight and Analysis System မှာ လမ်းညွှန်ချက်အတိုင်း တစ်နိုင်ငံလုံးမှာရှိတဲ့ ကုန်စည်ဒိုင်တွေမှာ ရောင်းချလျက်ရှိတဲ့ ဆန်စပါးနဲ့ ကောက်ပဲသီးနှံဈေးကွက်အခြေအနေကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် Website (https://agrosightinfo.com/) ရေးဆွဲပြီး ယနေ့မှာတော့ ပြည်ထောင်စုအဆင့် MSME အခမ်းအနားကို ဂုဏ်ပြုတဲ့အနေနဲ့ စတင်လွှင့်တင်နိုင်ပြီဖြစ်ပါတယ်။ ဒီ Website မှာ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှာရှိတဲ့ ကုန်စည်ဒိုင်တွေရဲ့ ဆန်စပါး၊ ပဲမျိုးစုံ၊ နှမ်း၊ အစေ့ထုတ်ပြောင်းတို့ရဲ့ ဈေးနှုန်းအတက်အကျအခြေအနေကို ၇ ရက်မှသည် နှစ်အလိုက်၊ အချိန်ကာလအလိုက် လေ့လာကြည့်ရှုနိုင်အောင် Data Analytics၊ Machine Learning၊ Time–series Analysis နဲ့ Data Visua–lization နည်းပညာတွေကို အသုံးပြုကာ AI အသုံးပြုဈေးနှုန်းခန့်မှန်းခြင်းတွေ ပြုလုပ်နိုင်အောင် ရေးသားတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒီ Website ကို တောင်သူလယ်သမားတွေ၊ စိုက်ပျိုးမွေးမြူရေးကုန်ကြမ်းအခြေပြု MSME လုပ်ငန်းရှင်တွေ သုံးစွဲခြင်းအားဖြင့် ဈေးကွက်အခြေအနေကို လွယ်ကူရှင်းလင်းစွာသိရှိနိုင်ခြင်း၊ ဈေးကွက်အချက်အလက်တွေကို စံနှုန်းဖြင့် သိမ်းဆည်းနိုင်ခြင်း၊ ဈေးကွက်ပွင့်လင်းမြင်သာမှု ပိုမိုတိုးတက်လာခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ဈေးနှုန်းပြောင်းလဲနိုင်မှုတို့ကိုပါ သိရှိနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေ ရရှိနိုင်တဲ့အပြင် ရောင်းချချိန်နဲ့ ဝယ်ယူချိန်ဆိုင်ရာ ဆုံးဖြတ်ချက် ချမှတ်မှုတွေကို လက်တွေ့ကျကျ အထောက်အကူပြုပေးနိုင်စေမှာ ဖြစ်ပါတယ်။ ဒစ်ဂျစ်တယ်ပြကွက် ၂ ဖြစ်တဲ့ AyarFarm မှာ လမ်းညွှန်ချက်အတိုင်း ဒေသနဲ့ ကိုက်ညီသော အချက်အလက်တွေ ထည့်သွင်းနိုင်ရေးကို ကဏ္ဍအပိုင်း လေးပိုင်းခွဲပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ ကောက်ပဲသီးနှံ စိုက်ပျိုးရေးအတွက် မအူပင်မြို့နယ်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ထားတယ်။ ခြံမွေးတိရစ္ဆာန်တွေအတွက် မအူပင်မြို့နယ်ရှိ စိုင်းသီဟနှင့် ဧရာမင်္ဂလာကြက်မွေးမြူရေး၊ ရွှေနဂါးမင်း Manufacturing Company Limited ဘဲမွေးမြူရေး၊ ပန်းတနော်မြို့နယ်ရှိ Htoo Htet Han ဝက်မွေးမြူရေး၊ Top Dairy နွားမွေးမြူရေးတို့နဲ့ ဆက်သွယ်ဆောင်ရွက်ထားတယ်။ ငါးမွေးမြူ ရေးအတွက် မအူပင်မြို့နယ်ရှိ တလုပ်လှငါးမွေးမြူရေးစခန်း၊ ပန်းတနော်မြို့နယ်ရှိ Global Earth ကုမ္ပဏီတို့နဲ့ ချိတ်ဆက်ပြီးတော့ ဆောင်ရွက်ထားတယ်။ လယ်ယာသုံးစက်ကိရိယာတွေအတွက် ပန်းတနော်မြို့နယ်ရှိ ကိုချစ်ဖွယ် လယ်ယာသုံးပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းနဲ့ ချိတ်ဆက်ပြီး အချက်အလက်တွေကို ရယူကာ AyarFarm Application အတွင်း ဖြည့်စွက်ပြီးဖြစ်ပါတယ်။

ဒါ့အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနဲ့ MSME လုပ်ကိုင်သူတွေနဲ့ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်တွေ အလွယ်တကူ ဆွေးနွေးတိုင်ပင်နိုင်အောင် စာပို့စနစ်တစ်ခုကိုပါ Application အတွင်း ဖြည့်စွက်ထည့်သွင်းပြီး ဖြစ်ပါတယ်။ ဒီ Application ကို အသုံးပြုခြင်းဖြင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းတွေ၊ MSME လုပ်ငန်းတွေအတွက် အသိပညာဗဟုသုတတွေ ရရှိနိုင်ပြီး လုပ်ငန်းတွေ တိုးတက်အောင် ဆောင်ရွက်ဖို့ အကြံဉာဏ်တွေကိုပါ ရယူနိုင်ပါတယ်။

ဒစ်ဂျစ်တယ်ပြကွက် ၃ ရဲ့ Digital Transfor–mation of MSME Website မှာ လမ်းညွှန်ချက်အတိုင်း ပုသိမ်မြို့ရဲ့ အဓိကထုတ်ကုန်ဖြစ်တဲ့ ပုသိမ်ထီးနှင့် ပုသိမ်ဟာလဝါလုပ်ငန်းများဆိုင်ရာ အချက်အလက်တွေကို စုံလင်အောင် ဆက်လက်ဖြည့်စွက်ထားပြီး ထုတ်ကုန်နဲ့ မွေးမြူရေးကဏ္ဍအတွက် အထောက်အပံ့ဖြစ်စေတဲ့ ဆန်စက်တွေနဲ့ ကြက်မွေးမြူရေးလုပ်ငန်းတွေကိုလည်း ဖြည့်သွင်းရေးသားထားပြီးဖြစ်ပါတယ်။ ဒီ Website ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးဆိုတဲ့ ကဏ္ဍ ငါးခုနဲ့ ဖွဲ့စည်းရေးဆွဲထားပြီး အများပြည်သူတွေ အလွယ်တကူ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါတယ်။ အဆိုပါ Website ကို အသုံးပြုခြင်းအားဖြင့် MSME ကုန်သွယ်မှုတွေကို ပိုမိုအရှိန်အဟုန်မြှင့်တင်နိုင်ခြင်း၊ သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ခြင်း၊ ခန့်မှန်းတွက်ချက်မှုတွေနဲ့ အကြံဉာဏ်တွေကိုပါ ရယူနိုင်တဲ့အတွက် လုပ်ငန်းတွေကို ပိုမိုအဆင်ပြေအောင် လည်ပတ်ဆောင်ရွက်နိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေကို ရရှိစေမှာပဲ ဖြစ်ပါတယ်။



ဒုတိယဝန်ကြီး
ဒေါက်တာ အောင်ဇေယျ

Digital Corner ပြခန်းမှာ အခြားသော ပြကွက် ၁၅ ကွက်ကို ပြသထားရာမှာ AI သုံး သီးနှံကောင်းမွန်စေရေး စောင့်ကြည့်ထိန်းချုပ်စနစ်၊ တက္ကသိုလ်နဲ့ လုပ်ငန်းခွင်ချိတ်ဆက် ဒစ်ဂျစ်တယ်ပလက်ဖောင်း၊ MSME လုပ်ငန်းတွေမှာ အသုံးပြုနိုင်တဲ့ အလိုအလျောက်စနစ်တွေနဲ့ စက်ရုပ်နည်းပညာ၊ ဘဏ္ဍာရေးလုပ်ငန်းသုံး Cyber security စနစ်၊ စွန့်ပစ်ပစ္စည်းတွေနဲ့ ထုတ်လုပ်ထားသော ထုတ်ကုန်တွေကိုသာ ရောင်းချပေးတဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်း စတာတွေကို ပြသထားတာဖြစ်လို့ ဒစ်ဂျစ်တယ်ဆိုင်ရာ အသိပညာဗဟုသုတတွေ တိုးပွားစေနိုင်ပြီး လုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်နိုင်ဖို့ ဒစ်ဂျစ်တယ် အတွေးအမြင်တွေ ရရှိစေနိုင်ပါတယ်။

**မေး ။ ။ ပြည်သူတွေနဲ့ MSME လုပ်ငန်းရှင်တွေကို ဘာများ ဖြည့်စွက်ပြောကြားလိုတာ ရှိပါသလဲ။**

**ဖြေ ။ ။** ကျွန်တော်တို့ရဲ့ Digital Corner ပြခန်းမှာ ခင်းကျင်းပြသထားတဲ့ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေဟာ ဆက်စပ်ဌာနတွေ၊ ပြင်ပလုပ်ငန်းတွေထံမှ ဒေတာအချက်အလက်တွေ ရယူခဲ့ပြီး သက်ဆိုင်ရာ တက္ကသိုလ်တွေမှာရှိတဲ့ ဆရာဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေက ပူးပေါင်းရေးဆွဲတည်ဆောက်ထားတာ ဖြစ်ပါတယ်။ ဒီလိုပြည်တွင်း ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေကို သုံးစွဲခြင်းဟာ ပြည်ပဒစ်ဂျစ်တယ် ပလက်ဖောင်းတွေ သုံးစွဲခြင်းထက် ပိုမိုသင့်တော်ကောင်းမွန်ပါတယ်။ ကိုယ်ပိုင်ရေးဆွဲတည်ထောင် ထားတာဖြစ်လို့ ကိုယ့်စိတ်ကြိုက် ထိန်းချုပ်ကွပ်ကဲနိုင်ပြီး ကိုယ့်နိုင်ငံက ပြည်သူတွေရဲ့ ကြိုက်နှစ်သက်မှုနဲ့ ဈေးကွက်အခြေအနေ၊ ကိုယ့်နိုင်ငံနဲ့ကိုက်ညီတဲ့ လုပ်ငန်းအခြေအနေ၊ ကိုယ့်နိုင်ငံက လုပ်ငန်းရှင်တွေရဲ့ လုပ်ငန်းလည်ပတ်မှုအခြေအနေစတဲ့ တန်ဖိုးရှိတဲ့ ဒေတာတွေ၊ စစ်တမ်းဒေတာတွေ၊ မေးမြန်းမှုဆိုင်ရာ ဒေတာတွေကိုလည်း အခြားနိုင်ငံကို အလွယ်တကူနဲ့ မရောက်ရှိ သွားတော့ဘူး။ ပြီးရင် လက်တွေ့ကျတဲ့ ဒေတာတွေကို ယုံကြည်စွာ သုံးစွဲနိုင်ပြီး ဒေတာပိုင်ဆိုင်မှုနဲ့ လုံခြုံစိတ်ချရမှုကို ပိုမိုခိုင်မာအားကောင်းစေပါတယ်။

ဒါ့အပြင် သုံးစွဲသူတွေရဲ့ လိုအပ်ချက်အပေါ် မူတည်ပြီး ဒစ်ဂျစ်တယ်ပလက်ဖောင်းအပေါ် ကိုယ့်စိတ်ကြိုက် ပြင်ဆင်ဖြည့်စွက် မွမ်းမံမှုတွေကိုလည်း တခြားနိုင်ငံနဲ့ ပြည်ပ ပညာရှင်အကူအညီ မပါဘဲ ကုန်ကျစရိတ် သက်သာစွာ ဆောင်ရွက်နိုင်မှာပဲ ဖြစ်ပါတယ်။ သူတို့တွေကို သွားအားကိုးရင် ရေရှည်မှာ လိုင်စင်ခ၊ ပြုပြင်ထိန်းသိမ်းခ စတာတွေ ကုန်ကျစရိတ်တွေပိုလာမှာပါ။ ဒါကြောင့် MSME လုပ်ငန်းရှင်တွေအနေနဲ့ လုပ်ငန်းတွေကို ကမ္ဘာနဲ့ရင်ပေါင်တန်းပြီး အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ဖို့ နိုင်ငံတကာဈေးကွက်အထိ ထိုးဖောက်နေရာယူနိုင်ဖို့ ဒစ်ဂျစ်တယ် နည်းပညာကို အသုံးပြုရင် ကိုယ့်စိတ်ကြိုက် ထိန်းကျောင်းဆောင်ရွက်နိုင်တဲ့ ကိုယ်ပိုင်ဒစ်ဂျစ်တယ် ပလက်ဖောင်းတွေကို သုံးစွဲတာကသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပိုမိုသင့်တော်ကောင်းမွန်တယ်ဆိုတာ အကြံပြုပြောကြားလိုပါတယ်။

ကျွန်တော်တို့ရဲ့ Digital Corner ပြခန်းမှာ MSME လုပ်ငန်းရှင်တွေအနေနဲ့ မိမိတို့ရဲ့ လုပ်ငန်းဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာလိုအပ်ချက်ကို တောင်းခံပါက လုပ်ထုံးတွေနဲ့အညီ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ အသိပညာတွေ ရရှိစေဖို့နဲ့ စိုက်ပျိုး မွေးမြူရေးကုန်ကြမ်း အခြေပြု MSME လုပ်ငန်းရှင်တွေအနေနဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ စိတ်ချ ယုံကြည်စွာ ကိုယ်စီ လုပ်ငန်းတွေ မြှင့်တင်ဆောင်ရွက်နိုင်ဖို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနရဲ့ Digital Corner ပြခန်းကို လာရောက်ကြည့်ရှုလေ့လာဖို့ လှိုက်လှိုက်လှဲလှဲ ဖိတ်ခေါ်လိုပါတယ်။

**မင်းမင်း / ဓာတ်ပုံ အေးမင်း**

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် (၃၃ / ၂၀၂၆)**
၁၃၈၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားလွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၈) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်စာရင်း ပေးပို့လာသည့် အောက်ဖော်ပြပါတပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီးဖြစ်၍ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၁ အရ တပ်မတော်သားအမျိုးသား လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြောင်း ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | | အဆင့် | အမည် |
|---|---|---|---|---|
| (၁) | ကြည်း | ၂၅၈၁၄ | ဗိုလ်ချုပ် | ကျော်သူရအေး |
| (၂) | ကြည်း | ၂၀၇၇၅ | ဗိုလ်မှူးချုပ် | လှမျိုး |
| (၃) | ကြည်း | ၂၀၈၃၄ | ဗိုလ်မှူးချုပ် | ဝင်းကိုကို |
| (၄) | ကြည်း | ၂၃၇၅၀ | ဗိုလ်မှူးချုပ် | အောင်အောင် |
| (၅) | ကြည်း | ၂၆၁၁၄ | ဗိုလ်မှူးချုပ် | ထွန်းထွန်းနိုင် |
| (၆) | ကြည်း | ၂၆၈၈၄ | ဗိုလ်မှူးချုပ် | သန်းထွန်းအောင် |
| (၇) | လေ | ၁၉၆၂ | ဗိုလ်မှူးချုပ် | မြင့်သောင်း |
| (၈) | ကြည်း | ၂၃၉၂၃ | ဗိုလ်မှူးကြီး | စိုးမိုးကျော် |
| (၉) | ကြည်း | ၂၃၉၆၃ | ဗိုလ်မှူးကြီး | အောင်အောင်ဟိန်း |
| (၁၀) | ကြည်း | ၂၅၀၇၇ | ဗိုလ်မှူးကြီး | စိုးမြင့်အောင် |
| (၁၁) | ကြည်း | ၂၅၇၂၈ | ဗိုလ်မှူးကြီး | သက်ပိုင် |
| (၁၂) | ကြည်း | ၂၅၇၈၀ | ဗိုလ်မှူးကြီး | တင်အောင်မြင့် |
| (၁၃) | ကြည်း | ၂၅၈၆၃ | ဗိုလ်မှူးကြီး | လှိုင်ဝင်း |
| (၁၄) | ကြည်း | ၂၆၁၈၁ | ဗိုလ်မှူးကြီး | ဆန်းသွင် |
| (၁၅) | ကြည်း | ၂၆၇၆၃ | ဗိုလ်မှူးကြီး | ညီညီတင် |
| (၁၆) | ကြည်း | ၂၆၇၇၁ | ဗိုလ်မှူးကြီး | စိုးရွှေ |
| (၁၇) | ကြည်း | ၂၆၇၇၆ | ဗိုလ်မှူးကြီး | သက်ဇင်ထွန်း |
| (၁၈) | ကြည်း | ၂၆၇၉၃ | ဗိုလ်မှူးကြီး | ဖြိုးမင်းဝင်း |
| (၁၉) | ကြည်း | ၂၆၈၃၄ | ဗိုလ်မှူးကြီး | မင်းဇော် |
| (၂၀) | ကြည်း | ၂၆၈၈၆ | ဗိုလ်မှူးကြီး | ဇော်မင်းထက် |
| (၂၁) | ကြည်း | ၂၇၅၅၈ | ဗိုလ်မှူးကြီး | ခင်ဇော် |
| (၂၂) | ကြည်း | ၂၈၁၉၅ | ဗိုလ်မှူးကြီး | မျိုးထွဋ်ဝင်း |
| (၂၃) | ကြည်း | ၃၂၉၁၁ | ဗိုလ်မှူးကြီး | အောင်သိန်းလွင် |
| (၂၄) | ကြည်း | ၂၇၃၅၆ | ဒုတိယဗိုလ်မှူးကြီး | ဝင်းသိန်း |
| (၂၅) | ကြည်း | ၂၇၃၇၀ | ဒုတိယဗိုလ်မှူးကြီး | မောင်မောင်စိုး |
| (၂၆) | ကြည်း | ၂၉၃၇၂ | ဒုတိယဗိုလ်မှူးကြီး | ဝင်းမြင့်ထွန်း |
| (၂၇) | ကြည်း | ၃၂၈၄၅ | ဒုတိယဗိုလ်မှူးကြီး | သန့်ဇင်ထွန်း |
| (၂၈) | ကြည်း | ၃၃၅၁၈ | ဒုတိယဗိုလ်မှူးကြီး | မျိုးမောင်သိန်း |
| (၂၉) | ကြည်း | ၂၃၀၄၈ | ဗိုလ်မှူး | ဇဝန |
| (၃၀) | ကြည်း | ၂၈၄၇၇ | ဗိုလ်မှူး | သက်ထွန်းဦး |
| (၃၁) | ကြည်း | ၃၂၄၃၂ | ဗိုလ်မှူး | ပြည်ထွန်း |
| (၃၂) | ကြည်း | ၃၃၅၆၅ | ဗိုလ်မှူး | မျိုးမင်းသန့် |
| (၃၃) | ကြည်း | ၃၄၇၁၁ | ဗိုလ်မှူး | တင့်လွင်အေး |
| (၃၄) | ကြည်း | ၃၅၁၈၈ | ဗိုလ်မှူး | နိုင်ဝင်းလတ် |
| (၃၅) | ကြည်း | ၃၆၃၁၃ | ဗိုလ်မှူး | သိန်းထိုက်ကျော် |
| (၃၆) | ကြည်း | ၃၆၄၅၄ | ဗိုလ်မှူး | ကျော်ဇေယျာဝင်း |
| (၃၇) | ကြည်း | ၃၆၅၁၈ | ဗိုလ်မှူး | ဇေယျာဝင်း |
| (၃၈) | ကြည်း | ၃၉၁၈၇ | ဗိုလ်မှူး | သိန်းထွန်းကျော် |
| (၃၉) | ကြည်း | ၃၉၂၂၄ | ဗိုလ်မှူး | ထက်လွင်ဦး |
| (၄၀) | ကြည်း | ၄၁၂၀၅ | ဗိုလ်မှူး | ဖြိုးဝေအောင် |
| (၄၁) | ကြည်း | ၄၃၀၀၄ | ဗိုလ်မှူး | ဇော်ဝင်းထွဋ် |
| (၄၂) | ကြည်း | ၄၅၄၅၄ | ဗိုလ်မှူး | ဝင်းမင်းထွန်း |
| (၄၃) | ကြည်း | ၄၇၇၆၁ | ဗိုလ်မှူး | ဇော်မင်းလတ် |
| (၄၄) | ကြည်း | ၅၂၇၈၉ | ဗိုလ်မှူး | ကျော်ဇင်ဝင်း |
| (၄၅) | ရေ | ၄၀၈၄ | ဗိုလ်မှူး | တင်ထွဋ် |
| (၄၆) | ရေ | ၄၄၂၆ | ဗိုလ်မှူး | အောင်ခိုင်လင်း |
| (၄၇) | လေ | ၃၂၁၄ | ဗိုလ်မှူး | နေထက်လင်း |
| (၄၈) | လေ | ၃၃၀၅ | ဗိုလ်မှူး | သန်းထွန်းဦး |
| (၄၉) | အင်န် | ၇၂၁ | ဗိုလ်မှူး | ဒေါ်မော်မော်သန်း |
| (၅၀) | ကြည်း | ၅၄၈၄၃ | ဗိုလ်ကြီး | သက်အောင် |
| (၅၁) | ကြည်း | ၆၇၅၀၁ | ဗိုလ်ကြီး | ဒေါ်ခင်ရတနာထင်အောင် |
| (၅၂) | ကြည်း | ၆၇၅၀၉ | ဗိုလ်ကြီး | ဒေါ်ဖြူဖြူမောင် |
| (၅၃) | ကြည်း | ၆၇၅၅၀ | ဗိုလ်ကြီး | ဒေါ်ဖြိုးဖြိုးဝေ |
| (၅၄) | ကြည်း | ၆၉၃၅၄ | ဗိုလ်ကြီး | ခိုင်စိုးလင်း |
| (၅၅) | ကြည်း | ၇၀၁၈၁ | ဗိုလ်ကြီး | ဒေါ်စုမြတ်ဝေ |
| (၅၆) | ကြည်း | ၇၄၂၉၄ | ဗိုလ်ကြီး | ဒေါ်ဖြိုးသီရိမွန် |

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ပြည်ထောင်စုသား နိုင်ငံ့အား

❖ “ သမ္မောဒမာန” ပမာပြ .. ဇာတက ဗုဒ္ဓဝင်။
မြတ်ရှင်ပင် ဟောဖော်မြွက် ငုံးငှက်တို့လျှင်။
မုဆိုး၏ ပိုက်ကွန်တွင် မိလေလျှင် အကြံခက်။
ငုံးမင်းရာဇာက ဉာဏ်ပညာ ဆင်ခြင်တွေး
လွတ်ရေး ဆ တွက် ..။

❖ အလောင်းတော် ငုံးမင်းက စည်းလုံးခြင်း အခြေတည်။
အသက်များစွာ သေမည့်ဘေး လွတ်ရေးကြံစည်။
ပိုက်ကွန်ကို ကိုက်ချီလျက် ပျံတက်ကြ အထက်ဆီ
ညီပေကြ ငှက်အပေါင်း။
ညီညွတ်မှု ပဓာန .. သာဓက ထုတ်ဆောင်လို့
အချုပ်အနှောင် ပိုက်ကွန်အတွင်းက လွတ်ကင်းခဲ့ကြောင်း ..။

❖ “စည်းလုံးခြင်းသည် အင်အား” ထင်ရှားတဲ့ ဥပမာ။
အန္တရာယ် ရန်စွယ်များ ပယ်ရှားနိုင်ရာ။
ညီညွတ်မှု နောင်အရှည်မကွာ အောင်စေရာ အစဉ်မလွဲ။
သွေးချင်းဆွေ ညီနောင်များ အားသစ်ခိုင်မြဲ..။

❖ တို့မြန်မာပြည်ထောင်စု ညီအောင်ပြု အစဉ်သာ။
နှစ်ထောင်ချီ အရှည်ခန့်လို့ တည်တံ့ခိုင်မာ။
သမိုင်းပေးတာဝန်မဟာ မြဲမြံစွာ နှလုံးသွင်း။
ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး မြတ်နိုးချစ်ခြင်း ..။

❖ ပညာဉာဏ် အမှန်အသိနဲ့ ကမ္ဘာကြည့် ကြည့်အပ်ရာ။
စစ်မီးလျှံ စစ်အငွေ့တွေနဲ့ ယနေ့ကမ္ဘာ။
ချစ်ခြင်းဖြင့် ခိုင်မာစွာ မြန်မာတို့ အင်အား။
စည်းလုံး ညီညာလို့ ပြည်သာအောင် ရည်ဆောင်ပြု
ပြည်ထောင်စုသား ..။

❖ တောတောင်တွေ စိမ်းလန်းလို့ ငြိမ်းချမ်းရေး ပန်းတွေသီ။
ပြည်သူတွေ ဘေးမသန်း အေးချမ်းစေမည်။
လက်တွဲခဲ့ သမိုင်းရှည် တိုင်းပြည်ရဲ့ အင်အား ။
မမုန်းစတမ်းသာပ အပြုံးပန်း ဝေဝေဖြာလို့
တို့မြန်မာ တစ်ခေတ်ဆန်းအောင် ကြိုးပမ်းစို့လား ...။ ။

*(၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်* **မိုးချမ်းမြေ**

# နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းများအား တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာ ဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အတူ ယနေ့ နံနက်ပိုင်းက တောင်ကြီးမြို့ရှိ ပြည်နယ်တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး၌ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ ဖြစ်ကြသည့် ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ဓနုတိုင်းရင်းသားရေးရာအဖွဲ့၊ တောင်ရိုးစာပေနှင့် ယဉ်ကျေးမှုအသင်း၊ အင်းသားစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်း၊ ကိုးကန့်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ ကချင်စာပေနှင့် ယဉ်ကျေးမှုအသင်း၊ ထနော့စာပေနှင့် ယဉ်ကျေးမှုအသင်း၊ လီဆူစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ယင်းကြားစာပေနှင့် ယဉ်ကျေးမှုအသင်း၊ ယင်းနက်စာပေနှင့် ယဉ်ကျေးမှုအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

တွေ့ဆုံစဉ်တာဝန်ရှိသူများက တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုနှင့် စာပေဆောင်ရွက်နေမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုတွင် တိုင်းရင်းသားပေါင်းစုံရောယှက်လျက် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင် နေထိုင်လျက်ရှိရာ ရှမ်းပြည်နယ်တွင် တိုင်းရင်းသားပေါင်းစုံ စည်းလုံးညီညွတ်စွာ ပေါင်းစည်း၍ အတူယှဉ်တွဲနေထိုင်လျက်ရှိပါကြောင်း၊ တိုင်းရင်းသားတစ်မျိုးစီ၏ စာပေနှင့်ယဉ်ကျေးမှုသည် အခြားတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ ထိခိုက်မှုမရှိစေရေး ဂရုစိုက်ရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသည် အခြေခံကျသော အဖွဲ့များဖြစ်၍ စာပေယဉ်ကျေးမှု ဘာသာစကားတို့ကို အပြန်အလှန် လေးစားကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများအတိုင်း နိုင်ငံတော်ကိုဗဟိုပြု၍ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်ပြီး (ဝဲပုံ) ဝန်ထမ်းများအတွက် ထောက်ပံ့ငွေပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရှမ်းပြည်နယ်ဦးစီးမှူးရုံးသို့ ရောက်ရှိရာ ပြည်နယ်ဦးစီးမှူး၏ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်ထားရှိမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ရုံးဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်းလေးကန်ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၈**

စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယနေ့ နံနက်ပိုင်းတွင် ကလောခရိုင် ညောင်ရွှေမြို့နယ် အင်းလေးကန် ရေရှည်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် သာယာလှပစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အင်းလေးကန် မတိမ်ကောစေရန်နှင့် သဘာဝဝန်းကျင် ဂေဟစနစ်မပျက်သုဉ်းစေရန် ကန်ရေပြင်ကျယ်အတွင်းနှင့် စက်လှေရေလမ်းကြောင်း တစ်လျှောက် ဗေဒါများ၊ ကျွန်းမျောပေါင်းများ ဆယ်ယူရေးဆောင်ရွက်ရမည့် လုပ်ငန်းများ၊ အင်းလေးကန် အစဉ်သာယာလှပစိမ်းလန်းစိုပြည်နေစေရေးဆောင်ရွက်ရန်လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးမှာကြားပြီး လုပ်ငန်းများအားလုံး ပွင့်လင်းရာသီအတွင်း အပြီးသတ်ဆောင်ရွက်နိုင်ရေး စီမံပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အင်းလေးကန်၏ မြောက်ဘက်မှ တစ်နှစ်ပတ်လုံးစီးဝင်လျက်ရှိသည့် နမ့်လတ်ချောင်းအား အုတ်ဖိုရွာအနီးတွင် ကျောက်စီ ရေလွှဲဆည် တည်ဆောက်ရေလွှဲယူ၍ နုန်းစစ်အနည်ထိုင်စေခြင်းဖြင့် အင်းလေးကန်အတွင်း နုန်းများတိုက်ရိုက် ဝင်ရောက်မှုမှကာကွယ်ရန် တည်ဆောက်ထားသည့် နဒီကန်နှင့် သာစည်ကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဆယ်ယူရရှိသော နုန်းများကို တောင်သူများ၏ စိုက်ပျိုးမြေများတွင် ပြန်လည်အသုံးချဆောင်ရွက်နိုင်ရန် တာဝန်ရှိသူများအား အသေးစိတ်ဆွေးနွေးမှာကြားသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဟဲဟိုးမြို့ ညောင်ခါးရှည်ရွာရှိ ဟဲဟိုးအာလူးထုတ်လုပ်သူအသင်း၏ မျိုးအာလူးအအေးခန်းသိုလှောင်ရုံ၌ အာလူးစိုက်တောင်သူများနှင့် အာလူးမျိုးထုတ်လုပ်သူ လုပ်ငန်းရှင်များအားတွေ့ဆုံ၍ အာလူးမျိုးထုတ်လုပ်မှု လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်လုပ်နိုင်သည့်အနေအထားနှင့် ထပ်မံလိုအပ်သော မျိုးအာလူးပမာဏအတွက် အာလူးမျိုးထုတ်လုပ်ခြင်းကို တောင်သူများကိုယ်တိုင် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန်နှင့် နည်းပညာလိုအပ်သည့် အကူအညီများကို ဌာနပညာရှင်များအပိုင်းက ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မြေယာအသုံးပြုရာတွင် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို တိတိကျကျလိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး အာလူးစိုက်တောင်သူများ၊ လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ဒေသခံတောင်သူများစိုက်ပျိုးထားသော အာလူးစိုက်ခင်းများကိုကြည့်ရှုစစ်ဆေး၍လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသည်။

ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ တာယောစိုက်ပျိုးရေးသုတေသနခြံ၊ စိုက်ပျိုးရေးဦးစီးဌာန၏ တာယောမျိုးသန့်ခြံနှင့် ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန တာယောစိုက်ပျိုးရေးသုတေသနခြံသို့ရောက်ရှိပြီး ပဲပုပ်နှင့် နေကြာသုတေသနပြုစိုက်ကွင်းကို ကြည့်ရှုစစ်ဆေး၍ စိုက်ခင်းအတွင်း မိုးရာသီ ရေကြီးရေလျှံမှု မဖြစ်ပွားစေရေးအတွက် ရေကာတမံတည်ဆောက်မည့် အစီအမံနှင့် ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်နေမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးဦးစီးဌာန တာယောမျိုးသန့်ခြံသို့ ရောက်ရှိပြီး စိုက်ကွင်းအတွင်း ဆိုလာရေတင်စနစ်ဖြင့် ရေတင်ဆောင်ရွက်နိုင်မှုနှင့် နေကြာမျိုးစေ့ထုတ်ရန် မြေပြုပြင်ထားရှိမှုကိုကြည့်ရှုစစ်ဆေး၍ ခြံစည်းရိုးပတ်လည်တစ်လျှောက် အရိပ်ရမန်ကျည်းပင်များနှင့် စိုက်ပျိုးရေးခြံအတွင်း နှစ်ရှည်သီးနှံပင်များကို စိုက်ပျိုးနိုင်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ထုံးဖိုစိုက်ပျိုးရေးသုတေသနခြံသို့ရောက်ရှိရာ သစ်ခွနှင့် သဇင်ပန်းဥများအား တစ်သျှူးကာချာ (Tissue culture) နည်းဖြင့် မျိုးမွေးမြူသုတေသနပြုထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှုကို ကြည့်ရှု၍ လိုအပ်ချက်များမှာကြားပြီး ခြံအတွင်းဆောင်ရွက်လျက်ရှိသော ကြက်သွန်နီမျိုးစေ့ထုတ် စိုက်ပျိုးခြင်းလုပ်ငန်းနှင့် နှစ်ရှည်ပင်စိုက်ပျိုးသုတေသနပြုရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှိုင်းဘွဲ့မြို့နယ်၌ ဆောင်းဆီထွက်သီးနှံ(မြေပဲ)စိုက်ခင်း တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**လှိုင်းဘွဲ့ ဖေဖော်ဝါရီ ၈**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်၌ သမဝါယမကဏ္ဍမှ ဆောင်းဆီထွက်သီးနှံ(မြေပဲ) စိုက်ပျိုးရေးစီမံကိန်းတွင် ပါဝင်ဆောင်ရွက်လျက်ရှိသော သာယာကုန်းကျေးရွာရှိ သာယာကုန်း စိုက်ပျိုးရေးနှင့်အထွေထွေလုပ်ငန်းသမဝါယမအသင်းက မြေပဲစိုက်အသင်းသားတောင်သူ ၅၄ ဦး စိုက်ပျိုးထားသော ဆောင်းဆီထွက်သီးနှံ(မြေပဲ)စိုက်ခင်းများသို့ ကရင်ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူးဒေါ်အေးပွင့်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ကွင်းဆင်းကြည့်ရှုစစ်ဆေးရာတွင် ပြည်နယ်ဦးစီးမှူးက ဆောင်းမြေပဲစိုက် အသင်းသားတောင်သူများနှင့်တွေ့ဆုံကာ ပန်းတိုင်အထွက်နှုန်းထွက်ရှိအောင် မြေပဲနုတ်သိမ်းချိန်တွင် အလေအလွင့် မရှိစေရေး စနစ်တကျဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

**ရခိုင်တိုင်းရင်းသား ရိုးရာအစားအစာဆိုင်ခန်းမှာ ရခိုင်တိုင်းရင်းသားတွေရဲ့ ရိုးရာအစားအစာတွေကို ရောင်းချပေးနေပါတယ်။ ရခိုင်မုန့်တီကို အရင်နှစ်နဲ့မတူဘဲ ပိုမိုကောင်းမွန်တဲ့၊ တစ်မူထူးခြားတဲ့လက်ရာနဲ့ ရောင်းချသွားမှာဖြစ်လို့ လာရောက်ကြပါလို့ ဖိတ်ခေါ်ပါတယ်။ ပြီးတော့ ရေကြက်သုပ်၊ ရေဘဝဲသုပ်၊ ရေခူသုပ် စတဲ့ပင်လယ်စာအစားအစာတွေကို သင့်တင့်တဲ့ဈေးနှုန်းနဲ့ ရောင်းချသွားမှာဖြစ်ပါတယ်**

ဦးတင်လှ၊ ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့



ဦးတင်လှ



ဦးတင်ဦး



ဦးထွန်းဝင်း



ဦးမြင့်ဝင်း



ဦးရဲဟိန်းကျော်

(၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် (နေပြည်တော်) ကို နေပြည်တော်ရင်ပြင်၌ ဖေဖော်ဝါရီ ၈ ရက်မှစ၍ ၁၃ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဒေသထွက်ကုန်များ၊ ရိုးရာအစားအသောက်များ၊ ဒေသန္တရထွက်ကုန်များ၊ တန်ဖိုးမြှင့်ထုတ်ကုန်များ၊ MSME ထုတ်ကုန်များကို အမျိုးအစားစုံလင်စွာ ပြသရောင်းချလျက်ရှိရာ ထိုသို့ လာရောက်ပြသရောင်းချကြသည့် MSME လုပ်ငန်းရှင်များ၊ ပြခန်းတာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်။

**ဦးတင်လှ**
**ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး၊**
**ရခိုင်ပြည်နယ် အစိုးရအဖွဲ့**

ကျွန်တော်တို့ ရခိုင်ပြည်နယ်ကိုယ်စားပြု ထုတ်ကုန်ပြခန်းမှာ ပြည်နယ်ရဲ့ ကုန်ထုတ်လုပ်ငန်းရှင် ၂၇ ဦးရဲ့ ထုတ်ကုန်ပစ္စည်း အမယ် ၈၅ မျိုး၊ အမျိုးအစား ၁၇၇ မျိုး ပါဝင်ပြသရောင်းချသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြည်နယ်က ရှည်လျားတဲ့ ပင်လယ်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားတဲ့အတွက် ငါးသယံဇာတတွေ အင်မတန်ပေါကြွယ်ဝတဲ့ ပြည်နယ်တစ်ခုဖြစ်တယ်။ ဒါကြောင့် ကျွန်တော်တို့ ပြခန်းမှာဆိုရင် ကျောက်ငါး၊ ကျောက်ပုစွန်၊ ကင်းပုစွန်၊ ကဏန်းအရှင်တွေကို ပြည်နယ်ထွက်ကုန်အနေနဲ့ ထည့်သွင်းပြသမှာဖြစ်ပါတယ်။ ပြီးတော့ ပြည်နယ်က ထွက်ရှိတဲ့ ငါးတွေကို စားသုံးသူပြည်သူများ သက်သာစွာနဲ့ ဝယ်ယူစားသုံးနိုင်အောင် ရောင်းချပေးသွားမယ့် အစီအစဉ်လည်း ရှိပါတယ်။

အခုလို လာရောက်ရောင်းချတဲ့အတွက် MSME လုပ်ငန်းရှင်တွေအနေနဲ့ ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေက MSME လုပ်ငန်းရှင်တွေနဲ့ အချင်းချင်း တွေ့ဆုံပြီး ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ဖို့အတွက် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်အထိ ချိတ်ဆက်ရောင်းချနိုင်ခြင်း၊ ကုန်ထုတ်လုပ်မှုတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးနိုင်ခြင်း စတဲ့အကျိုးကျေးဇူးတွေလည်းရရှိမယ်၊ ဒေသအကျိုး၊ လုပ်ငန်းရှင်အကျိုးကနေ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအထိ များစွာအထောက်အကူပြုတဲ့ ပြပွဲတစ်ခုဖြစ်ပါတယ်။ ပြီးတော့ လာရောက် ပါဝင်ပြသရောင်းချချင်တဲ့ လုပ်ငန်းရှင်တွေအနေနဲ့ ဈေးကွက်ချိတ်ဆက်နိုင်မှု၊ ဝယ်ယူသူဖောက်သည်အသစ်တွေရရှိနိုင်မှုနဲ့ လုပ်ငန်းစီးပွားချိတ်ဆက်နိုင်မှုစတဲ့ အကျိုးကျေးဇူးတွေ အများကြီး ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ပြည်နယ်က လုပ်ငန်းရှင်တွေ ကိုယ်တိုင်ကလည်း စိတ်အားထက်သန်ကြတယ်။ ကျွန်တော်တို့ ပြခန်းကို လာရောက်ကြည့်ရှုသူတွေနဲ့ ဝယ်ယူသူတွေကို စိတ်ကျေနပ်မှုရှိအောင် ခင်းကျင်းပြသရောင်းချသွားမှာဖြစ်တဲ့အပြင် ကုန်ထုတ်ပစ္စည်းတွေရဲ့ အရည်အသွေး၊ ထုပ်ပိုးမှုကအစ စနစ်တကျကောင်းမွန်အောင် စီမံဆောင်ရွက်ထားရှိပါတယ်။ ရခိုင်တိုင်းရင်းသား ရိုးရာအစားအစာဆိုင်ခန်းမှာ ရခိုင်တိုင်းရင်းသားတွေရဲ့ ရိုးရာအစားအစာတွေကို ရောင်းချပေးနေပါတယ်။ ရခိုင်မုန့်တီကို အရင်နှစ်နဲ့မတူဘဲ ပိုမိုကောင်းမွန်တဲ့၊ တစ်မူထူးခြားတဲ့ လက်ရာနဲ့ ရောင်းချသွားမှာဖြစ်လို့ လာရောက်ကြပါလို့ ဖိတ်ခေါ်ပါတယ်။ ပြီးတော့ ရေကြက်သုပ်၊ ရေဘဝဲသုပ်၊ ရေခူသုပ် စတဲ့ပင်လယ်စာအစားအစာတွေကို သင့်တင့်တဲ့ ဈေးနှုန်းနဲ့ရောင်းချသွားမှာဖြစ်ပါတယ်။

**ဦးတင်ဦး**
**စီးပွားရေးရာဝန်ကြီး၊**
**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့**

ပဲခူးတိုင်းဒေသကြီး MSME ပြခန်းမှာ သွင်းကုန်အစားထိုး အဆင့်မြင့် လယ်ယာသုံးစက်ကိရိယာပစ္စည်း ၃၆ မျိုး ခင်းကျင်းပြသထားပါတယ်။ ထို့အတူ MSME ရဲ့ စားသောက်ကုန်၊ ထုတ်ကုန်ပြခန်းမှာလည်း ပြည်တွင်းကုန်ကြမ်းသုံးထုတ်ကုန်တွေ၊ စိုက်ပျိုးရေးနဲ့မွေးမြူရေး အခြေခံကုန်ကြမ်းတွေက ထွက်ရှိတဲ့ ထုတ်ကုန်တွေ၊ ပြည်ပပို့ကုန်တွေ၊ OROP ထုတ်ကုန်တွေ စုစုပေါင်းကဏ္ဍအလိုက် အမယ်ပေါင်း ၃၃၆ မျိုးကို ခင်းကျင်းပြသထားပါတယ်။ ပြီးတော့ ဒေသကထွက်ရှိတဲ့ ကြက်ဥ၊ ဘဲဥတွေကို သက်သာသောဈေးနှုန်းနဲ့ ပြခန်းမှာ နေ့စဉ် နံနက် ၆ နာရီကနေ ည ၁၀ နာရီအထိ ခင်းကျင်းရောင်းချပေးလျက်ရှိပါတယ်။ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်ပါတယ်။

ပြီးတော့ ကျွန်တော်တို့ တိုင်းဒေသကြီးရဲ့ ပြခန်းမှာပါဝင်ပြသတဲ့ ဒေသအတွင်းက လယ်ယာသုံးစက်ကိရိယာပစ္စည်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေဟာ အားတက်သရောနဲ့ သူတို့ရဲ့ထုတ်ကုန်တွေ တီထွင်ကြံဆမှုတွေကို လာရောက်လေ့လာတဲ့သူတွေဆီ မျှဝေသွားမယ်။ အခု ဒီပြပွဲဖွင့်ပွဲမှာ ကျွန်တော်တို့ဆီက ထွက်ရှိတဲ့ ထုတ်ကုန်တွေကို ဒေသအသီးသီးက အမှာစာတွေ အများကြီး လက်ခံရရှိပါတယ်။

MSME လုပ်ငန်းတွေအတွက် အဓိကလိုအပ်ချက်က ဈေးကွက်ဖြစ်ပြီး ရရှိပြီးသား ဈေးကွက်ခိုင်မာရေး၊ ဈေးကွက်တိုးချဲ့ရေး ပြည်တွင်းဈေးကွက်ကနေ ပြည်ပဈေးကွက်ကို တက်လှမ်းနိုင်ရေး ကြိုးစားနေကြတာပါ။ ကျွန်တော်တို့ တိုင်းဒေသကြီးက လုပ်ငန်းရှင်တွေဟာ အခုပြပွဲကနေတစ်ဆင့် ပြည်ပဈေးကွက်တွေအထိ သက်ဆိုင်ရာ စီးပွားရေးသံမှူးတွေနဲ့ ထိုးဖောက်နိုင်ပြီဖြစ်ပါတယ်။ ဒါတွေဟာ MSME ပြပွဲပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ရတဲ့ အကျိုးရလဒ်တွေပဲဖြစ်ပါတယ်။

**ဦးထွန်းဝင်း**
**မန်နေဂျင်းဒါရိုက်တာ၊ MANDALAY BEVERAGES ENTERPRISE Co.,Ltd.**

ပြည်ပက တင်သွင်းတဲ့ ဓာတ်ဆီနဲ့ ပြည်တွင်းက ထွက်ရှိတဲ့ ဓာတ်ဆီကို ပြည်တွင်းကထွက်ရှိတဲ့ ရေမဲ့အီသနော နဲ့ ရောစပ်ပြီး Ron 73 အဆင့်ရှိတဲ့ စက်သုံးဆီကို ထုတ်လုပ်ထားပါတယ်။ သကြားထုတ်လုပ်မှုရဲ့ ဘေးထွက်ပစ္စည်းဖြစ်တဲ့ တင်လဲရည်ကနေ အီသနောကို ချက်လုပ်ပါတယ်။ ကျွန်တော်တို့က အီသနောရဲ့ ဘေးထွက်ပစ္စည်းကနေ Organic Fertilizer ထုတ်လုပ်တဲ့ စက်ရုံကိုလည်း တည်ထားပါတယ်။ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်က ပြည်ပကနေ စက်သုံးဆီတင်သွင်းမှု လျှော့ချနိုင်ပြီး နိုင်ငံခြားငွေကုန်ကျမှု သက်သာစေဖို့၊ လူသားတွေရဲ့ ကျန်းမာရေးနဲ့ ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေမယ့် အခိုးအငွေ့ ထုတ်လွှတ်မှု လျော့ကျစေဖို့၊ ရုပ်ကြွင်းလောင်စာ အသုံးပြုမှုအစား ဇီဝလောင်စာအသုံးပြုမှုကို ပြောင်းနိုင်ဖို့ဆိုပြီးဖြစ်ပါတယ်။

အားသာချက်တွေကတော့ သဘာဝပတ်ဝန်းကျင်အတွက်ကောင်းမွန်ပြီး ဇီဝလောင်စာဖြစ်တဲ့အတွက် ကာဗွန်ထုတ်လွှတ်မှုမှာ ပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးပါတယ်။ ဓာတ်ဆီနဲ့နှိုင်းယှဉ်မယ်ဆိုရင် ကုန်ကျစရိတ်သက်သာစေပါတယ်။ ကားအင်ဂျင်မောင်းနှင်မှုအားလည်း ကောင်းမွန်ပါတယ်။ ပြည်တွင်းမှာ ထုတ်လုပ်နိုင်တဲ့အတွက် ပစ္စည်းပြတ်လပ်မှုလည်း နည်းပါးစေပါတယ်။ ရေမဲ့အီသနောကို ဓာတ်ဆီနဲ့ ရောနှောသုံးစွဲခြင်းဖြင့် နိုင်ငံရဲ့ နှစ်စဉ်စက်သုံးဆီကဏ္ဍလိုအပ်ချက်တွေကို တစ်ဖက်တစ်လမ်းကနေ ကူညီပံ့ပိုးပေးနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်း ရေနံချက်စက်ရုံတွေက ထွက်ရှိတဲ့ ဓာတ်ဆီတွေကိုလည်း ရေမဲ့အီသနောနဲ့ရောစပ်ပြီး ဇီဝလောင်စာအဖြစ် အသုံးပြုမယ်ဆိုရင် Fossil Fuel အသုံးပြုမှုနဲ့ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုတို့ကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။

ရေနံစိမ်းအပေါ် မှီခိုအားထားနေမှုကို လျှော့ချနိုင်ပြီး ရေမဲ့အီသနောကို အစားထိုးလောင်စာအဖြစ် အသုံးပြုနိုင်ပါတယ်။ မကြာမီမှာ ဈေးကွက်ထဲလည်း ရောက်ရှိတော့မှာ ဖြစ်ပါတယ်။ ဒီ MSME ပြပွဲနဲ့ ဈေးရောင်းပွဲတော်လာ ပြည်သူတွေကို ကောင်းကျိုး၊ ဆိုးကျိုးတွေကို ရှင်းပြပေးသွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းကို လာရောက်လည်ပတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်။

**ဦးမြင့်ဝင်း**
**Manufacturing Director၊ Super Seven Stars Industrial Development Co., Ltd.**

ကျွန်တော်တို့ ကုမ္ပဏီအနေနဲ့ ဆိုလာစွမ်းအင်၊ Industry Development၊ EV ပြခန်းနဲ့ မွေးမြူရေးနဲ့ ပတ်သက်တာတွေကို ပြသထားပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးစားကြတဲ့နေရာမှာ တစ်ထောင့်တစ်နေရာကနေ အင်အားဖြည့်တင်းပေးတဲ့ အနေနဲ့ရော MSME လုပ်ငန်းရှင်တွေအတွက် ဒီနှစ်မှာ ထူးခြားမှုအနေနဲ့ မွေးမြူရေးကဏ္ဍကို ဦးစားပေးပြသထားပါတယ်။ EV အပိုင်းလည်း ပြသထားတယ်။ ဆိုလာစွမ်းအင်အပိုင်းလည်း ပါပါတယ်။

**ဦးရဲဟိန်းကျော်**

MSME လုပ်ငန်းရှင်တွေအနေနဲ့ အရည်အသွေးမြင့်မားတဲ့ ထုတ်ကုန်တွေ ထုတ်ဖို့ဆိုရင် ခေတ်မီနည်းပညာတွေကို သိဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဒီပြပွဲကနေ ခေတ်မီနည်းပညာတွေကို လေ့လာသိရှိနိုင်အောင် တစ်နှစ်ပြီး တစ်နှစ် ဆန်းသစ်လာတဲ့ နည်းပညာတွေ ထောက်ပြကူညီတဲ့နေရာကနေ ပါဝင်ပါတယ်။ အခုလိုပြပွဲမှာ MSME လုပ်ငန်းရှင်တွေအနေနဲ့ သက်ဆိုင်ရာလုပ်ငန်းခွင်ထဲမှာ နည်းပညာနဲ့ပတ်သက်တဲ့၊ ထုတ်လုပ်မှုအပိုင်းနဲ့ပတ်သက်တဲ့ အခက်အခဲရှိရင် ကျွန်တော်တို့ဆီကို လာရောက်လေ့လာပြီး အကြံဉာဏ်တောင်းလို့ရပါတယ်၊ ကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေ အားလုံးနဲ့ လာရောက်သူတွေကို ကျွန်တော်တို့ပြခန်းကို လေ့လာကြည့်ရှုကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**ဦးရဲဟိန်းကျော်**
**တွဲဖက်အတွင်းရေးမှူး(၁)၊**
**မြန်မာနိုင်ငံ ဆီကုန်သည်နှင့်**
**ဆီလုပ်ငန်းရှင်များအသင်း**

MSME ပြပွဲမှာလာရောက်ပြသဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံကထွက်ရှိတဲ့ ဆီထွက်သီးနှံကနေ ကြိတ်ခွဲပြီး ရရှိလာတဲ့ ဆီတွေဖြစ်တဲ့ မြေပဲဆီ၊ နေကြာဆီ၊ နှမ်းဆီ၊ ပဲပိစပ်ဆီ၊ ပဲပုပ်ဆီ အမျိုးမျိုးကို အခုပြပွဲမှာ လာရောက်ပြသရောင်းချသွားမှာဖြစ်ပါတယ်။ အခုလိုပြပွဲတွေက MSME လုပ်ငန်းရှင်တွေအတွက်အင်မတန်ကောင်းမွန်ပြီး အကျိုးများပါတယ်။ ပြီးခဲ့တဲ့နှစ်က ပြပွဲမှာလည်း ကျွန်တော်တို့ အသင်းဝင်ကုမ္ပဏီတွေအနေနဲ့ ချိတ်ဆက်မှုပြခန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ တစ်ခါတည်း One Stop Service အဖြစ် Business Ma-chine လုပ်လိုက်ပြီးတော့ ဈေးကွက်အခွင့်အလမ်းတွေ အများကြီးရသွားတယ်။ ဒီနှစ်မှာလည်း ဒီလိုမျိုးအစီအစဉ်တွေ ထပ်ပြီးတော့ လုပ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်။ ဝယ်ယူအားပေးမယ့် မိဘပြည်သူတွေအတွက် ဈေးနှုန်းသက်သက်သာသာနဲ့ ရောင်းချပေးသွားမှာဖြစ်လို့ လာရောက်လေ့လာဝယ်ယူကြဖို့ ဖိတ်ခေါ်ချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-မျိုးဆက်သစ်**
**ဓာတ်ပုံ-အောင်မင်းထိန်**

# ခွေးရူးရောဂါအန္တရာယ် သတိပြုကာကွယ်

ဒေါက်တာလှိုင်ဝင်း(မွေး/ကု)

**ခွေးရူးရောဂါသည် မပေါ့ဆသင့်သည့် ရောဂါအမျိုးအစားတစ်ခုပင်။ အဘယ့်ကြောင့်ဆိုသော် ခွေးရူးရောဂါကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူပေါင်း ၅၉၀၀၀ ခန့်ကို သေဆုံးစေလျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်နေသည့် တိရစ္ဆာန်မှ လူကို ကူးစက်သေဆုံးစေတတ်သည့် Zoonosis ရောဂါတစ်ခုအဖြစ် တည်ရှိနေသည့်အတွက်ဖြစ်သည်။**

### ၁၀၀ ရာခိုင်နှုန်း သေဆုံးနိုင်ခြေရှိ

ခွေးရူးရောဂါသည် လူအပါအဝင် ခွေး၊ ကြောင်၊ မြေခွေးစသည့် နို့တိုက်သတ္တဝါများ၏ ဗဟိုအာရုံကြောစနစ်ကို ထိခိုက်စေသည့် ဗိုင်းရပ်စ်ရောဂါတစ်ခုဖြစ်ပါသည်။ ခွေးရူးပိုးရောဂါ ကူးစက်ခံထားရသည့် တိရစ္ဆာန်များ (အများအားဖြင့် ခွေးများ)၏ တံတွေးနှင့် ဦးနှောက်အတွင်း ရှိနေတတ်ပြီး အဆိုပါတိရစ္ဆာန်များ အကိုက်ခံရပါက ရောဂါကူးစက်ပျံ့နှံ့စေပါသည်။ တချို့ဒေသများတွင် လင်းနို့များက ခွေးရူးရောဂါပိုး အဓိကရှိနေတတ်သည့် တိရစ္ဆာန်များ ဖြစ်ပါသည်။ ရောဂါပိုး ပျိုးကာလအနေဖြင့် ရက်သတ္တပတ်အနည်းငယ်မှ နှစ်အနည်းငယ်အထိ ကွဲပြားနိုင်သော်လည်း အများအားဖြင့် နှစ်လ၊ သုံးလအကြာတွင် ရောဂါဖြစ်ပွားတတ်ပါသည်။ ခွေးရူးရောဂါလက္ခဏာများ စတင်ပြသလာပါက လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားပြီး ၁၀၀ ရာခိုင်နှုန်း သေဆုံးနိုင်ခြေရှိပါသည်။

### နောက်ခံသမိုင်း

ဘီစီ ၄ ရာစုတွင် အရစ္စတိုတယ် (Aristotle)က ခွေးရူးရောဂါနှင့်ပတ်သက်ပြီး ခွေးများက စိတ်တိုလွယ်သည့် ရူးသွပ်မှုဝေဒနာခံစားရကြောင်းနှင့် အဆိုပါဖျားနာနေသည့် ခွေးများကိုက်ခြင်းခံရသည့် အခြားတိရစ္ဆာန်များတွင်ပါ ရောဂါကူးစက်ခံရနိုင်ကြောင်း သူ၏ Natural History of Animals စာအုပ်တွင် ရေးသားဖော်ပြခဲ့ပါသည်။ ၁၅၄၆ ခုနှစ်တွင် ကူးစက်ရောဂါဗေဒပညာရှင် Girolamon Fracastoro က ခွေးရူးကိုက်ခံရသည့် ဒဏ်ရာထဲကို ခွေးရူး၏ တံတွေးထဲတွင်ပါသည့် ရောဂါပိုးမွှားများ ဝင်ရောက်သွားခြင်းကြောင့် ရောဂါရပြီး ခွေးကိုက်ခံရပြီးပြီးချင်း ရောဂါလက္ခဏာမပြဘဲ ရက်ပေါင်းများစွာ၊ လပေါင်းများစွာကြာမှ ရောဂါလက္ခဏာပေါ်လာတတ်သည်ဆိုသည်ကို ပြောပြခဲ့ပါသည်။

၁၇၆၉ ခုနှစ်တွင် ခန္ဓာဗေဒပညာရှင်ဖြစ်သူ Giovanni Battista Morgagni က ခွေးရူးရောဂါပိုးသည် သွေးထဲမှတစ်ဆင့် ပျံ့နှံ့ခြင်းထက် အာရုံကြောစနစ်မှတစ်ဆင့် အဓိကတိုက်ခိုက်ခြင်း ဖြစ်နိုင်သည်ဟု ယူဆခဲ့သည်။ ခွေးရူးရောဂါလက္ခဏာများဖြစ်သည့် ရေကြောက်ခြင်းနှင့် တက်ခြင်းတို့က ဦးနှောက်နှင့် အာရုံကြောများ ပျက်စီးခြင်းကြောင့်ဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့ပါသည်။ ၁၈၀၄ ခုနှစ်တွင် တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်သူ ဂျာမနီသိပ္ပံပညာရှင် Georg Gottfried Zinke က ခွေးရူး၏ တံတွေးကို ကျန်းမာနေသည့် တိရစ္ဆာန်(ယုန်၊ ကြက်)များထဲသို့ ထိုးသွင်းပြီး ရောဂါကူးစက်နိုင်ကြောင်း လက်တွေ့စမ်းသပ်ပြသခဲ့ပါသည်။




၁၈၈၅ ခုနှစ်တွင် ခွေးရူးရောဂါကာကွယ်ဆေးကို ပြင်သစ်သိပ္ပံပညာရှင် လူးဝစ်ပါ(စ)ချာ (Louis Pasteur ၁၈၂၂–၁၈၉၅) က ပထမဆုံး အောင်မြင်စွာ တီထွင်နိုင်ခဲ့ပြီး ၎င်းကို ဂုဏ်ပြုသည့်အနေဖြင့် သူကွယ်လွန်ခဲ့သည့်နေ့ဖြစ်သည့် စက်တင်ဘာလ ၂၈ ရက်နေ့ကို ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ (World Rabies Day)အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ ခွေးရူးရောဂါထိန်းချုပ်ရေး တစ်ကမ္ဘာလုံးမဟာမိတ်များ (Global Alliance for Rabies Control – GARC)၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization –WHO)နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (World Organization for Animal Health – WOAH) တို့က စုပေါင်းသတ်မှတ်ခဲ့ကြခြင်းဖြစ်ပါသည်။ အဆိုပါနေ့တွင် ကမ္ဘာတစ်ဝန်း ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှားမှုများကို ၂၀၀၇ ခုနှစ်မှစတင်၍ ခွေးရူးရောဂါ ကာကွယ်တားဆီးရေး လှုံ့ဆော်ပညာပေးရန်ဆိုသည့်ရည်ရွယ်ချက်ဖြင့် သတ်မှတ်ကျင်းပလာခဲ့ကြသည်။

### ကမ္ဘာတစ်ဝန်း ခွေးရူးရောဂါကူးစက်ပျံ့နှံ့မှု

လွန်ခဲ့သည့် နှစ်ပေါင်း ၄၀၀၀ ကျော်ကတည်းက ခွေးရူးရောဂါသည် ကမ္ဘာ့နေရာအနှံ့အပြားတွင် ကပ်ရောဂါတစ်ခုကဲ့သို့ ခြိမ်းခြောက်ခဲ့ပြီး ၎င်းကို အမြစ်ပြတ်တိုက်ဖျက်ရန် ကြိုးပမ်းအားထုတ်မှုများစွာပြုလုပ်ခဲ့ကြသည်။ အနောက်ဥရောပ၊ မြောက်အမေရိက၊ ဂျပန်၊ တောင်ကိုရီးယားနှင့် လက်တင်အမေရိက အချို့ဒေသများတွင် ခွေးရူးရောဂါကို အမြစ်ပြတ် တိုက်ဖျက်နိုင်ခဲ့ပြီဖြစ်သော်လည်း အာဖရိကနှင့် အာရှတိုက်၏ နေရာအတော်များများတွင် ၎င်းဗိုင်းရပ်စ်ရောဂါက ဆက်လက်တည်ရှိနေဆဲဖြစ်ပါသည်။ ခွေးရူးရောဂါကြောင့် သေဆုံးသူအများစုတွင် ခွေးရူးရောဂါဆိုင်ရာ အသိပညာဗဟုသုတနည်းပါးခြင်းနှင့် ကြိုတင်ကာကွယ်ဆေးထိုးနှံရန် အခွင့်အလမ်းနည်းပါးခြင်းကြောင့်ဖြစ်ပါသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံများက ယင်းရောဂါ၏ဒဏ်ကို ပိုမိုဆိုးရွားစွာ ခံစားနေကြရသည်။

လူတွင် ခွေးရူးပြန်ရောဂါဖြစ်ပွားသည့် ဖြစ်ရပ်များ၏ ၉၉ ရာခိုင်နှုန်းက ခွေးရူးရောဂါရှိနေသည့် ခွေးများအကိုက်ခံရာမှ ကူးစက်ဖြစ်ပွားခြင်းဖြစ်သည်။ ခွေးရူးရောဂါကြောင့် သေဆုံးသူ ၉၅ ရာခိုင်နှုန်းကျော်က အာဖရိကနှင့် အာရှတိုက်တွင် နေထိုင်သူများဖြစ်ကြသည်။ ခွေးရူးရောဂါကြောင့် သေဆုံးသူ ၄၀ ရာခိုင်နှုန်းမှာ ကလေးငယ်များတွင် အဓိကဖြစ်ပွားခြင်းဖြစ်သည်။ ခွေးရူးရောဂါ အသိပညာဗဟုသုတနည်းပါးကာ ခွေးကိုက်ပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်း (post–bite treatment) ဆောင်ရွက်မှုအားနည်းသည့် ကျေးလက်ဒေသများတွင် ခွေးရူးရောဂါဖြစ်ပွားမှု၏ ၈၀ ရာခိုင်နှုန်းကျော်ဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။

သို့သော် ခွေးရူးရောဂါသည် ၁၀၀ ရာခိုင်နှုန်း ကာကွယ်နိုင်သည့် ရောဂါဖြစ်ပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါစတင်ဖြစ်ပွားသည့် တိရစ္ဆာန်များမှ ခွေးရူးရောဂါပိုးကို ထိရောက်စွာ အမြစ်ပြတ် တိုက်ဖျက်နိုင်ပါသည်။ ထို့ကြောင့် ခွေးရူးရောဂါထိန်းချုပ်ရေး တစ်ကမ္ဘာလုံးမဟာမိတ်များ (Global Alliance for Rabies Control–GARC)၏ ရည်မှန်းချက်အတိုင်း ၂၀၃၀ ပြည့်နှစ်ရောက်ရှိပါက ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိစေရ (Zero by 30) ဖြစ်စေရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)နှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) တို့က ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

### မြန်မာနိုင်ငံနှင့် ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ခြင်း

**မြန်မာနိုင်ငံတွင်** ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ကို နှစ်စဉ် စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပလျက်ရှိပြီး **ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို** မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် **စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။** ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံသည့် လှုပ်ရှားမှုများ၊ အသိပညာပြန့်ပွားရေး ဟောပြောပွဲများကို မြန်မာနိုင်ငံတစ်ဝန်းတွင် ဆောင်ရွက်လျက်ရှိသည်။

**၂၀၂၂ ခုနှစ်မှ စတင်ပြီး အခြေခံပညာကျောင်းများတွင် ခွေးရူးရောဂါဆိုင်ရာ လှုပ်ရှားမှုအဖြစ် လက်ကမ်း စာစောင်များ၊ ပိုစတာများ ဖြန့်ဝေလျက်ရှိသည်။ ထို့ပြင် ဗီနိုင်းများမှတစ်ဆင့် ခွေးရူးရောဂါအန္တရာယ်နှင့် ကာကွယ်တိုက်ဖျက်ရေး အသိပညာများ ပြန့်ပွားအောင် ဆောင်ရွက်လျက်ရှိသည်။** ကျောင်းသား ကျောင်းသူများ ပိုမိုစိတ်ဝင်စားစွာ ပါဝင်လာစေရန် အပြန်အလှန် ဆွေးနွေးဟောပြောသည့် နည်းလမ်းများကိုလည်း ဆောင်ရွက်ခဲ့သည်။ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီကာတွန်းပြိုင်ပွဲများ ကျင်းပဆောင်ရွက်ခြင်းအပြင် ခွေးရူးရောဂါအကြောင်း ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ စီစဉ်ကျင်းပပေးပြီး ပါဝင်ဖြေဆိုသူများထဲမှ အဖြေမှန်သူများကို **"ခွေးရူးရောဂါတိုက်ဖျက်ရေး ချန်ပီယံများ"**အဖြစ် ဆုလက်ဆောင်များ ချီးမြှင့်ပေးသည့် အသိပညာပေး အစီအစဉ်များကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ အစီအစဉ်များတွင် ကျောင်းသား ကျောင်းသူများက ပျော်ရွှင်တက်ကြွစွာ ပါဝင်လာပြီး ခွေးရူးရောဂါအကြောင်း အသိပညာများ ပြည်သူလူထုထဲသို့ ပိုမိုပြန့်ပွားစေခဲ့ပါသည်။

အမျိုးသားအဆင့် ခွေးရူးရောဂါထိန်းချုပ်ရေး မဟာဗျူဟာမူဘောင်(၂၀၁၈–၂၀၃၀)ကို စတင်ဆောင်ရွက်ခဲ့ချိန်မှစပြီး အသက် ၈ နှစ်မှ ၁၆ နှစ်အတွင်းရှိ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၀၀၀ ခန့်ကို ခွေးရူးရောဂါအကြောင်း အသိပညာများ ဖြန့်ဝေပေးနိုင်ခဲ့သည်။ မန္တလေးမြို့တွင် ပြုလုပ်ခဲ့သည့် အသိပညာပေးဆွေးနွေးပွဲကို ဆရာ၊ မိဘ၊ ကျောင်းသားအားလုံး ပါဝင်ခဲ့ကြပြီး ထိုမှတစ်ဆင့် သိရှိရသည်မှာ အခြေခံပညာကျောင်းများတွင် ခွေးရူးရောဂါ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြောခြင်း၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း စသည့် အစီအစဉ်များက ကျောင်းသား ကျောင်းသူများအတွက်သာမက ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၏ မိဘများ၊ မိသားစုဝင်များအထိပါ **တစုတစည်းတည်း အသိပေးနိုင်ခဲ့ကာ** ထိရောက်မှုရှိသည်ကို သိရှိခဲ့ရပါသည်။

ထို့ကြောင့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအတွက် ခွေးရူးရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပြန့်ပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းမှ အခြေခံပညာကျောင်းများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်သည်ကို ဆောင်းပါးမှတစ်ဆင့် တိုက်တွန်းတင်ပြလိုပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် အစုလိုက် ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်း၊ အသိပညာပြန့်ပွားရေး ဆွေးနွေးဟောပြောခြင်း စသည့်ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်ရှစ်မြို့နယ်တွင် အထူးအလေးထားဆောင်ရွက်လျက်ရှိပါသည်။

ထို့ပြင် သုတေသနပြုစစ်တမ်းများ ကွင်းဆင်းဆောင်ရွက်မှုအနေဖြင့် မိတ္တီလာစီးပွားရေးတက္ကသိုလ်၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့အတွက် စာရေးသူတင်သွင်းခဲ့သည့် ဘွဲ့ကြိုကျမ်းအတွက် လေ့လာဆန်းစစ်မှုများကို လယ်ဝေးမြို့နယ်တွင် နေထိုင်သည့် ဒေသခံပြည်သူလူထုအကြား ၂၀၂၅ ခုနှစ် ဧပြီလတွင် ကွင်းဆင်းမေးမြန်း၍ သုတေသနပြု လေ့လာခဲ့ပါသည်။ လေ့လာတွေ့ရှိချက်များအရ ဖြေဆိုသူအယောက် ၄၀၀ ရှိသည့်အနက် ၅၈ ဒသမ ၇ ရာခိုင်နှုန်းတွင် ခွေးရူးရောဂါနှင့်ပတ်သက်သည့် အသိပညာဗဟုသုတ ကောင်းမွန်စွာရှိကြပြီး ၆၃ ဒသမ ၂ ရာခိုင်နှုန်းတွင် ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ရန် စိတ်ဝင်စားမှု များစွာရရှိခဲ့ပါသည်။

*စာမျက်နှာ ၁၃ သို့*

**ခွေးရူးရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်လုပ်ဆောင်ရမည့်အချက်များတွင် မိမိတို့၏ အိမ်မွေးခွေးများကို တစ်နှစ်တစ်ကြိမ် ခွေးရူးရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံပေးရပါမည်။ မိမိ၏ ခွေးများကို ခြံဝင်း၊ လှောင်အိမ်များနှင့် လုံလုံခြုံခြုံ မွေးမြူရပါမည်။ လမ်းတွင် လွှတ်ကျောင်းသည့်အခါ ခွေးချည်ကြိုးနှင့် လမ်းလျှောက်ထွက်ပြီး လမ်းဘေးလေလွင့်ခွေးများနှင့် မထိတွေ့အောင်ထားရပါမည်။ ခွေးရူးရောဂါအဖြစ်များသည့်ဒေသတွင် နေထိုင်သူများအနေဖြင့် ခွေး၊ ကြောင် တိရစ္ဆာန်များနှင့် အထိအတွေ့များပါက ခွေးကိုက်မခံရခင်ကတည်းက ကြိုတင်ကာကွယ်ဆေး ထိုးထားသင့်ပါသည်**

## ခွေးရူးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ခွေးရူးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်သော အသက်ဆုံးရှုံးစေသည့် ရောဂါတစ်ခုဖြစ်သည်။ ခွေး၊ ကြောင်၊ မြွေပါ၊ ခွေးအနှင့် မြေခွေးတို့တွင် ကူးစက်ဖြစ်ပွားလေ့ရှိပါသည်။ ရောဂါပိုးကူးစက်ခံထားရသော ခွေး၊ ကြောင်များ၏ တံတွေးမှတစ်ဆင့် အများဆုံးကူးစက်ခံရပြီး ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးနှံခြင်းဖြင့် ကြိုတင်ကာကွယ်နိုင်ပါသည်။ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များကို ခွေးရူးရောဂါဖြစ်ပွားခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ဆရာဝန်များနှင့်တိုင်ပင်၍ မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား တစ်နှစ် (၁) ကြိမ် ပုံမှန် ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးနှံရန်၊

(၂) မိမိတို့မွေးမြူထားသော ခွေး၊ ကြောင်များအား လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်များနှင့် မရောနှောမိစေရန် ဂရုတစိုက် ဆောင်ရွက်ရန်၊

(၃) အပြင်သို့ထွက်လျှင် ခွေးချည်ကြိုးဖြင့် သေချာစွာချည်၍ ထွက်ရန်၊

(၄) မိမိအိမ် (သို့မဟုတ်) ရပ်ကွက်ထဲတွင် ခွေးရူးရောဂါဖြစ်နေသည်ဟု သံသယရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးမှတစ်ဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမြန်ဆုံး ဆက်သွယ် အကြောင်းကြားရန်၊

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## ဘုတ်ပြင်းမြို့နယ်၌ မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး

ဘုတ်ပြင်း ဖေဖော်ဝါရီ ၈

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဖေဖော်ဝါရီ ၇ ရက်က ဘုတ်ပြင်းမြို့နယ် ထောင်ခမက်ကျေးရွာအုပ်စုတောင်ဒဂုံဆီအုန်း စိုက်ပျိုးရေးစီမံကိန်း အစည်းအဝေးခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေးဇုန် မန်နေဂျာနှင့် ကုမ္ပဏီဝန်ထမ်းများ တက်ရောက်သည်။



ဦးစွာ စိုက်ပျိုးရေးဇုန်မန်နေဂျာ ဦးမင်းကိုနှင့် ဘုတ်ပြင်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးစောလူးသယ်ရွှေက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာများကို အသိပညာပေးပြောကြားသည်။ ယင်းနောက် သစ်တောဦးစီးဌာန ဝန်ထမ်းများက တက်ရောက်လာကြသူများအား မီးခိုးမြူငွေ့ လျှော့ချရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

*စာမျက်နှာ ၁၂ မှ*

ပြည်သူများအကြား ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာဗဟုသုတ တိုးပွားလာခြင်းသည် ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် များစွာအထောက်အကူပြုပါသည်။ ပြည်သူများအကြား အသိပညာ တိုးပွားလာသည်နှင့်အမျှ ခွေးရူးရောဂါအန္တရာယ်ကို သိရှိပြီး ပိုမိုကာကွယ်လာကြမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုတွင် ပြည်သူများပါဝင်ရန် လိုအပ်ပါသည်။

မိမိ၏ သုတေသနပြုစစ်တမ်းတွင် ပါဝင်ဖြေဆိုသူများအနက် ၄၄ ဒသမ ၈ ရာခိုင်နှုန်းက ရေဒီယို၊ တီဗွီအစီအစဉ်များမှ ခွေးရူးရောဂါအကြောင်း သိရှိခဲ့ကြပြီး ၂၆ ဒသမ ၀ ရာခိုင်နှုန်းသည် လက်ကမ်းစာစောင်၊ ဗီနိုင်းနှင့် စာအုပ်စာပေများမှတစ်ဆင့် သိရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ ပါဝင်ဖြေဆိုသူများအနက် ၁၅ ဒသမ ၆ ရာခိုင်နှုန်းက ဟောပြောပွဲနှင့် သင်တန်းများမှ ခွေးရူးရောဂါအကြောင်း သိရှိကြပြီး ၁၃ ဒသမ ၅ ရာခိုင်နှုန်းက ဖေ့စ်ဘွတ်နှင့် ယူကျူကဲ့သို့သော အွန်လိုင်းချန်နယ်များမှတစ်ဆင့် သိရှိခဲ့ကြသည်ကို လေ့လာတွေ့ရှိရပါသည်။

ထို့ကြောင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို ရေဒီယို၊ တီဗွီအစီအစဉ်များကတစ်ဆင့် ပညာပေးထုတ်လွှင့်ပေးလျက်ရှိပါသည်။ အင်တာနက်ခေတ်ဖြစ်သဖြင့် ဖေ့စ်ဘွတ်နှင့် ယူကျူကဲ့သို့သော အွန်လိုင်းချန်နယ်များမှတစ်ဆင့် ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ခြင်းဆိုင်ရာ အသိပညာပေးအစီအစဉ်များဖြင့် ပြည်သူများအကြား ကာကွယ်ရေးအသိပညာများ ပြန့်ပွားအောင် ကြိုးပမ်းဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

မြန်မာနိုင်ငံတွင် ခွေးရူးရောဂါအား ၁၉၉၉ ခုနှစ်တွင် (က) စာရင်းဝင် တိရစ္ဆာန်ကူးစက်ရောဂါအဖြစ် သတ်မှတ်ပြီး တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးရေး ဥပဒေပုဒ်မ(၃၂)အရ ခွေးရူးရောဂါအား ထိန်းချုပ်ဆောင်ရွက်လျက်ရှိပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အမျိုးသားအဆင့် ခွေးရူးရောဂါထိန်းချုပ်ရေး မဟာဗျူဟာမူဘောင် (၂၀၁၈-၂၀၃၀) ကို ၂၀၁၈ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီးဖြစ်ပါသည်။

ခွေးရူးရောဂါကို ကာကွယ်ဆေးထိုးခြင်းဖြင့် ရောဂါစတင်ဖြစ်ပွားသည့် တိရစ္ဆာန်များမှ ခွေးရူးရောဂါပိုးကို ထိရောက်စွာ အမြစ်ပြတ်တိုက်ဖျက်နိုင်ပြီး တိရစ္ဆာန်မှ လူကိုကူးစက်နိုင်သည့် ကွင်းဆက်ကို ဖြတ်တောက်နိုင်ပါသည်။ ထို့ကြောင့် အိမ်မွေးခွေး၊ ကြောင်များကို ခွေးရူးရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံရန် လိုအပ်ပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် အခြားတိုင်းဒေသကြီး၊ ပြည်နယ်များတွင် အစုလိုက် ခွေးရူးရောဂါ ကာကွယ်ဆေးထိုးလုပ်ငန်းကို အိမ်မွေးခွေးကြောင်များအပြင် လမ်းဘေးလေလွင့်ခွေးများကိုပါ ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ခွေးရူးရောဂါကာကွယ်ဆေးထိုးကောင်ရေအနေဖြင့် ၂၀၂၁ ခုနှစ်တွင် ၁၄၂၂၂ ကောင်၊ ၂၀၂၂ ခုနှစ်တွင် ၄၁၀၁၆ ကောင်၊ ၂၀၂၃ ခုနှစ်တွင် ၅၉၄၃၇ ကောင်၊ ၂၀၂၄ ခုနှစ်တွင် ၅၃၉၅၆ ကောင်နှင့် ၂၀၂၅ ခုနှစ်တွင် ၂၃၇၀၀ အား ဆောင်ရွက်ပြီးစီးပြီဖြစ်ပါသည်။ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းမှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မြို့နယ်ရှစ်မြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အစုလိုက်ခွေးရူးရောဂါကာကွယ်ဆေးထိုးလုပ်ငန်းကို ကာကွယ်ဆေးအဆ ၁၄၀၀၀ ဖြင့် စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိပါသည်။

ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ခြင်း ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအပြင် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းနှင့် အခြားသော ပုဂ္ဂလိကအသင်းအဖွဲ့များကပါ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ခွေးရူးရောဂါကာကွယ်ထိန်းချုပ်ခြင်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းအနေဖြင့် ၂၀၁၁ ခုနှစ်တွင် ကျင်းပခဲ့သည့် (၃၃) ကြိမ်မြောက် ကမ္ဘာ့တိရစ္ဆာန်ဆေးကုသရေးညီလာခံတွင် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့က ချီးမြှင့်သော ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ထူးချွန်ဆု (World Veterinary Day Award) ကို လက်ခံရရှိခဲ့ပါသည်။

ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် လမ်းဘေးလေလွင့်ခွေးများ တိုးပွားမလာအောင် ထိန်းချုပ်ဆောင်ရွက်ခြင်းက အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ပါသည်။ ၂၀၂၃ ခုနှစ်တွင် ကောက်ယူခဲ့သော တိရစ္ဆာန်ကောင်ရေစာရင်းအရ မြန်မာနိုင်ငံတွင် ခန့်မှန်းခွေးကောင်ရေပေါင်း ၂ ဒသမ ၂ သန်းနီးပါးရှိပါသည်။ အဆိုပါခွေးကောင်ရေများ အနက် လမ်းဘေးလေလွင့်ခွေး ၇၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ခွေးရူးရောဂါဖြစ်ပွားမှုများမှာ လမ်းဘေးလေလွင့်ခွေးများကိုက်ခြင်းမှ ကူးစက်ဖြစ်ပွားခြင်း များပါသည်။ စည်ပင်သာယာရေးကော်မတီအနေဖြင့် အိမ်မွေးခွေး၊ ကြောင်များ မှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးခြင်းအပြင် လမ်းဘေးလေလွင့်ခွေးများ တိုးပွားမလာအောင် ထိန်းချုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ တိရစ္ဆာန်ဆေးကုဆရာဝန်များအနေဖြင့်လည်း သားဆက်ခြားလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် ခွေးလေခွေးလွင့်များ လျော့ပါးသွားအောင် ဆောင်ရွက်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်မတိုင်ခင်က ခွေးရူးရောဂါကြောင့် သေဆုံးမှုတစ်နှစ်ကို လူ ၁၁၀၀ ခန့်အထိ ရှိနိုင်သည်ဟု ခန့်မှန်းခဲ့ကြပြီး ကမ္ဘာပေါ်တွင် ဆဋ္ဌမသေဆုံးမှု အမြင့်မားဆုံးနိုင်ငံ ဖြစ်ခဲ့ပါသည်။ ခွေးရူးရောဂါနှင့်ပတ်သက်၍ ပြည်သူ့ကျန်းမာရေးဆိုင်ရာ ဆရာဝန်များက ခွေးရူးကိုက်ခံရမှုများကြောင့် အသက်ဆုံးရှုံးမှုမရှိစေရန် ကြိုးစားဆောင်ရွက်နေကြသကဲ့သို့ တိရစ္ဆာန်ဆေးကုဆရာဝန်များကလည်း ခွေးများကို ခွေးရူးရောဂါ မဖြစ်ပွားရလေအောင် ကာကွယ်ဆေးထိုးနှံခြင်းကို ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

ထို့ကြောင့် နိုင်ငံတော်၏ ကြိုးစားမှုနှင့်အညီ ဆေးရုံ၊ ဆေးခန်းများ၏ တရားဝင်သတင်းပို့စာရင်းများအရ ၂၀၁၅ ခုနှစ် နောက်ပိုင်းတွင် ခွေးရူးရောဂါဖြင့် သေဆုံးသူဦးရေတွင် ၁၀၀ အောက်သို့ လျော့ကျလာခဲ့ပါသည်။ ၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိစေရ (Zero by 30) ရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တစ်ခုတည်းသော ကျန်းမာရေးချဉ်းကပ်မှုပုံစံ (One Health Approach)ဖြင့် ပြည်သူလူထုကျန်းမာရေးကဏ္ဍ၊ တိရစ္ဆာန်ကျန်းမာရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ စသည့်ကဏ္ဍသုံးရပ်လုံးတွင် ပါဝင်သည့် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးအနေဖြင့် ပူးပေါင်းဆောင်ရွက်ဖို့လိုသလို ပြည်သူတစ်ရပ်လုံးကလည်း ခွေးရူးရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ပြည်သူလူထုအနေဖြင့် သံသယဖြစ်ဖွယ် ခွေးရူးဖြစ်နေသော တိရစ္ဆာန်များကိုတွေ့ရှိပါက သက်ဆိုင်ရာဌာန၊ အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထံသို့ သတင်းပို့ဖို့လိုပါသည်။ ခွေးရူးသံသယအား အတည်ပြုစစ်ဆေးနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့လည်း နမူနာပစ္စည်းပေးပို့စစ်ဆေးရန် လိုအပ်ပါသည်။ တာဝန်သိပြည်သူများပေးပို့သော ခွေးရူးသံသယနမူနာပစ္စည်းများကို တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင် စစ်ဆေးချက်များအရ ခွေးရူးရောဂါအတည်ပြုခွေးကောင်ရေမှာ ၂၀၂၁ ခုနှစ်တွင် လေးကောင်၊ ၂၀၂၂ ခုနှစ်တွင် ခုနစ်ကောင်၊ ၂၀၂၃ ခုနှစ်တွင် ၁၂ ကောင်၊ ၂၀၂၄ ခုနှစ်တွင် ၁၄ ကောင်နှင့် ၂၀၂၅ ခုနှစ်တွင် ရှစ်ကောင် ခွေးရူးရောဂါဖြစ်ပွားမှု များပြားလာသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဆေးရုံဆေးခန်းများ၏ တရားဝင် သတင်းပို့စာရင်းများအရ ၂၀၂၅ ခုနှစ်တွင် ၁၁၃ ဦးအထိ ခွေးရူးပြန်ဖြစ်ပြီး သေဆုံးမှုရှိခဲ့ကာ သေဆုံးမှုက ယခင်နှစ်များထက် ပိုများပြားလာသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ပြည်သူတစ်ရပ်လုံးအနေဖြင့် ခွေးရူးရောဂါကို သတိပြုပြီး ကာကွယ်သွားကြရန် လိုအပ်ပါသည်။

**လူနှင့် တိရစ္ဆာန်များတွင် ခွေးရူးရောဂါလက္ခဏာများ စတင်ဖြစ်ပြီဆိုပါက ပျောက်ကင်းအောင် ဆေးကု၍မရနိုင်ဘဲ ၁၀၀ ရာခိုင်နှုန်း သေဆုံးနိုင်ပါသည်။ သို့သော် ခွေးရူးရောဂါသည် ၁၀၀ ရာခိုင်နှုန်း ကြိုတင်ကာကွယ်၍ရသည့် ရောဂါဖြစ်ပါသည်။ ခွေးကိုက်ခံရပါက ဦးစွာခွေးကိုက်ဒဏ်ရာကို ချက်ချင်းရေများများနှင့် ဆပ်ပြာသုံးပြီး အနည်းဆုံး ၁၅ မိနစ်ကြာ ဆေးကြောရပါမည်။ ပြီးပါက ဒဏ်ရာကို အရက်ပြန် သို့မဟုတ် ပိုးသတ်ဆေး (Povidone-iodine)ရှိပါက ထည့်ပေးရပါမည်။ ထို့နောက် နီးစပ်ရာအစိုးရဆေးရုံ၊ ဆေးခန်း (သို့မဟုတ်) ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွား၍ ကုသမှုခံယူရပါမည်။ ခွေးကိုက်ပြီး ခွေးရူးရောဂါကာကွယ်ဆေး ထိုးနှံခြင်းကို ဆရာဝန်ညွှန်ကြားချက်နှင့်အညီ ကုသမှု ခံယူရပါမည်။ ခွေးကိုက်ဒဏ်ရာကို ဆေးမီးတိုနှင့် ကုသခြင်း၊ ဗိန္ဓောနည်းဖြင့်ကုသခြင်း၊ မန်းမှုတ်ခြင်းမျိုးများ မလုပ်ဆောင်သင့်ပါ။ ဒဏ်ရာကို ဖုံးအုပ်ပြီး ပတ်တီးစည်းခြင်းများ မလုပ်ဆောင်သင့်ပါ။**

ထို့ပြင် **ခွေးရူးရောဂါမဖြစ်အောင် ကြိုတင်ကာကွယ်လုပ်ဆောင်ရမည့် အချက်များတွင် မိမိတို့၏ အိမ်မွေးခွေးများကို တစ်နှစ်တစ်ကြိမ် ခွေးရူးရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံပေးရပါမည်။ မိမိ၏ ခွေးများကို ခြံဝင်း၊ လှောင်အိမ်များနှင့် လုံလုံခြုံခြုံ မွေးမြူရပါမည်။ လမ်းတွင် လွှတ်ကျောင်းသည့်အခါ ခွေးချည်ကြိုးနှင့် လမ်းလျှောက်ထွက်ပြီး လမ်းဘေးလေလွင့်ခွေးများနှင့် မထိတွေ့အောင် ထားရပါမည်။ ခွေးရူးရောဂါအဖြစ်များသည့် ဒေသတွင် နေထိုင်သူများအနေဖြင့် ခွေး၊ ကြောင် တိရစ္ဆာန်များနှင့် အထိအတွေ့များပါက ခွေးကိုက်မခံရခင်ကတည်းက ကြိုတင်ကာကွယ်ဆေး ထိုးထားသင့်ပါသည်။**

နိဂုံးချုပ်အနေဖြင့် မိမိအိမ်တွင် ခွေးမွေးထားပါက နှစ်စဉ် ခွေးရူးရောဂါကာကွယ်ဆေး ပုံမှန်ထိုးနှံပေးရပါမည်။ ခွေးကိုက်ခံရသည့်အခါ မည်သည့်ခွေးကိုက်သည်ဖြစ်စေ ခွေးရူးရောဂါကာကွယ်ဆေး ချက်ချင်းထိုးနှံရပါမည်။ ထိုကဲ့သို့ ခွေးရူးရောဂါနှင့် ပတ်သက်သည့် အသိပညာများကို ပြည်သူများ သိရှိလိုက်နာခြင်းဖြင့် **“၂၀၃၀ ပြည့်နှစ်တွင် ခွေးရူးရောဂါကြောင့် သေဆုံးသူမရှိစေရ”** ရည်မှန်းချက်အား ပြည့်မီအောင် ဆောင်ရွက်သွားနိုင်မည် ဖြစ်ပါကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

# အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများမြင့်တက်နေချိန် တူကီယဲနှင့်ဂျော်ဒန်ခေါင်းဆောင်များတွေ့ဆုံပြီး ဒေသတွင်းတည်ငြိမ်ရေးဆွေးနွေး



ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ နှင့် တူကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်တို့ တူကီယဲနိုင်ငံ အစ္စတန်ဘူလ်မြို့ သမ္မတရုံး၌ တွေ့ဆုံကြစဉ်။

**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၈**

အရှေ့အလယ်ပိုင်းဒေသ တင်းမာမှုများ မြင့်တက်နေချိန် တူကီယဲသမ္မတ ရီဆက်တေရစ်အာဒိုဂန်သည် ဖေဖော်ဝါရီ ၇ ရက်က ဂျော်ဒန်ဘုရင် အဗ္ဗဒူလာ ၂ နှင့် အစ္စတန်ဘူလ်မြို့၌ တွေ့ဆုံသည်။

ခေါင်းဆောင်နှစ်ဦးသည် တံခါးပိတ် အစည်းအဝေးပြုလုပ်ခဲ့ပြီး ၎င်းတို့၏ကိုယ်စားလှယ်အဖွဲ့များကလည်း ဆွေးနွေးမှုများပြုလုပ်ခဲ့သည်။ ဆွေးနွေးမှုများတွင် နှစ်နိုင်ငံဆက်ဆံရေး၊ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုများနှင့် တည်ငြိမ်မှုရရှိစေရေး အထောက်အကူဖြစ်စေနိုင်သည့် ခြေလှမ်းများကို ဆွေးနွေးခဲ့ကြသည်ဟု တူကီယဲဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနက ပြောသည်။

ခေါင်းဆောင်နှစ်ဦးသည် ဂါဇာကမ်းမြောင်ဒေသတွင် ဖြစ်ပေါ်နေသည့် တိုးတက်မှုများအတွက် မှတ်ချက်များနှင့် ငြိမ်းချမ်းရေးအစီအစဉ် ဒုတိယအဆင့် အကောင်အထည်ဖော်ရေးတို့ကို နှိုင်းယှဉ်ကာ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားရန်လိုအပ်သည်ဟု အလေးပေးပြောကြားခဲ့ကြသည်။

ဒေသတွင်းအကျပ်အတည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်နေစဉ် ယခုကဲ့သို့ ခရီးစဉ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

ဆင်ဟွာ

ဓာတ်ပုံ-DHA

# ပထမဆုံးအကြိမ် ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ထိပ်သီးအစည်းအဝေး ဖေဖော်ဝါရီ ၁၉ ရက်တွင် ပြုလုပ်ရန် အိမ်ဖြူတော်စီစဉ်

**ဝါရှင်တန် ဖေဖော်ဝါရီ ၈**

ငြိမ်းချမ်းရေးဘုတ်အဖွဲ့အတွက် ခေါင်းဆောင်များအစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်တွင်ပြုလုပ်သွားရန် အိမ်ဖြူတော်က စီစဉ်ထားသည်ဟု အမေရိကန်မီဒီယာဖြစ်သည့် အက်ဇီယိုတွင် ဖေဖော်ဝါရီ ၇ ရက်က ဖော်ပြထားသည်။

အဆိုပါအစည်းအဝေးသည် ဂါဇာဒေသပြန်လည်တည်ဆောက်ရေးအတွက် ပထမဆုံးအကြိမ်ပြုလုပ်သည့် အစည်းအဝေးနှင့် ရန်ပုံငွေညီလာခံလည်းဖြစ်မည်ဟု အမေရိကန်အရာရှိတစ်ဦးက ပြောသည်။

အဆိုပါ အစည်းအဝေးကို အမေရိကန်ငြိမ်းချမ်းရေးအင်စတီကျုတွင် ပြုလုပ်ရန်စီစဉ်ထားပြီး အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အစိုးရအဖွဲ့သည် ဖေဖော်ဝါရီ ၆ ရက်ကတည်းက ခေါင်းဆောင်များတက်ရောက်ရန်အတွက် နိုင်ငံအတော်များများကို ဖိတ်ကြားခဲ့သည်ဟု အက်ဇီယိုတွင် ဖော်ပြထားသည်။

ထိပ်သီးအစည်းအဝေးအတွက် အစီအစဉ်များမှာ ကနဦးအဆင့်တွင်သာရှိသေးပြီး ပြောင်းလဲနိုင်သေးသည်ဟု အက်ဇီယိုတွင် ဖော်ပြထားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အိမ်ဖြူတော်ကလည်း မှတ်ချက်မပေးခဲ့ချေ။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဇန်နဝါရီ ၂၂ ရက်က ဆွစ်ဇာလန်နိုင်ငံ ဒါဗို့စ်မြို့၌ ကျင်းပသည့် ကမ္ဘာ့စီးပွားရေးဖိုရမ်၌ ငြိမ်းချမ်းရေးဘုတ်အဖွဲ့ကို စတင်ခဲ့သည်။

ဆင်ဟွာ

## ကြားဖြတ်ကုန်သွယ်ရေး သဘောတူညီမှုမူဘောင် အမေရိကန်နှင့် အိန္ဒိယတို့ကြေညာ

**နယူးဒေလီ ဖေဖော်ဝါရီ ၈**

အိန္ဒိယနှင့် အမေရိကန်တို့သည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေသော ကုန်သွယ်မှုအတွက် ကြားဖြတ်ကုန်သွယ်ရေးသဘောတူညီချက်မူဘောင်ကိုရရှိခဲ့ကြောင်း ဖေဖော်ဝါရီ ၇ ရက်က ထုတ်ပြန်သည်။

အမေရိကန်ဘက်မှ အိန္ဒိယနိုင်ငံ၏ ကုန်ပစ္စည်းများအပေါ် အပြန်အလှန်အခွန်ကောက်ခံမှု ၁၈ ရာခိုင်နှုန်း ကောက်ခံမည်ဖြစ်သည်။ အဆိုပါကုန်ပစ္စည်းများထဲတွင် ချည်မျှင်နှင့်အထည်လိပ်၊ သားရေနှင့်ဖိနပ်များ၊ ပလတ်စတစ်နှင့် ရော်ဘာ၊ အိမ်တွင်းအလှဆင်ကုန်ပစ္စည်းများ၊ လက်မှုပစ္စည်းများနှင့် စက်ကိရိယာအချို့တို့ပါဝင်သည်ဟု ပူးတွဲကြေညာချက်တွင် ပါဝင်သည်။ ပူးတွဲထုတ်ပြန်ချက်အရ နှစ်ဖက်စလုံးသည် ယခုမူဘောင်ကို ချက်ချင်းအကောင်အထည်ဖော်သွားမည်ဖြစ်ပြီး ကြားဖြတ်သဘောတူညီချက်ကို အပြီးသတ်နိုင်ရေး အတူတကွလုပ်ဆောင်သွားမည်ဟု ပါဝင်သည်။

ဆင်ဟွာ

# မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၁၃ ဦးရှိပြီး ဆေးရုံတက်ရောက်နေသူ ၇၇ ဦးရှိ

**အူလန်ဘာတာ ဖေဖော်ဝါရီ ၈**

မွန်ဂိုလီးယားနိုင်ငံ၌ ဝက်သက်ရောဂါဖြစ်ပွားမှုကြောင့် နောက်ထပ်သေဆုံးသူတစ်ဦး ရှိလာပြီး နောက် ယင်းရောဂါကြောင့် သေဆုံးသူပေါင်းမှာ ၁၃ ဦး ရှိလာကြောင်း အမျိုးသားကူးစက်ပျံ့နှံ့တတ်သော ရောဂါများဆိုင်ရာ စင်တာ (အင်န်စီစီဒီ) က ဖေဖော်ဝါရီ ၇ ရက်က ထုတ်ပြန်ထားသည်။

ဝက်သက်ရောဂါကြောင့် ပြင်းထန်စွာဖျားသည့် ကလေးကိုးဦး အပါအဝင် ဆေးရုံ၌ တက်ရောက်နေသူ ၇၇ ဦးရှိကြောင်း အင်န်စီစီဒီက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

မွန်ဂိုလီးယားနိုင်ငံ၌ အင်န်စီစီဒီက ဝက်သက်ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံခြင်းဖြင့် ၎င်းတို့၏ကလေးများကို ဖြစ်နိုင်ခြေရှိသည့် ပြင်းထန်ရောဂါဖြစ်ပွားခြင်းမှ ကာကွယ်ရန် မိဘများအား အကြံပြုထားသည်။

ဝက်သက်ရောဂါသည် အသက်ရှူလမ်းကြောင်းဆိုင်ရာ အမှုန်အမွှားများနှင့် တိုက်ရိုက်ထိတွေ့ခြင်းမှတစ်ဆင့် အလွယ်တကူကူးစက်တတ်သော ဗိုင်းရပ်စ်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

ဝက်သက်ရောဂါ၏ အဖြစ်များသော နောက်ဆက်တွဲလက္ခဏာများမှာ ဖျားနာခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ နှာရည်ယိုခြင်း၊ လည်ချောင်းနာခြင်းနှင့် မျက်စိရောင်ရမ်းခြင်းတို့ဖြစ်ပြီး ကာကွယ်ဆေးထိုးနှံခြင်းဖြင့် အဆိုပါရောဂါကို ကြိုတင်ကာကွယ်နိုင်ကြောင်း သိရသည်။

ဆင်ဟွာ



ဓာတ်ပုံ-IANS



# အာဖဂန်နစ္စတန်နိုင်ငံ၌ ဓာတ်ငွေ့ဆလင်ဒါပေါက်ကွဲမှုဖြစ်ပွား၊ ရှစ်ဦးသေဆုံး

**ကဘူးလ် ဖေဖော်ဝါရီ ၈**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်ရှိ နေအိမ်အတွင်း ဓာတ်ငွေ့ဆလင်ဒါပေါက်ကွဲမှုဖြစ်ပွားသဖြင့် ရှစ်ဦးထက်မနည်း သေဆုံးကြောင်း မြို့တော်အုပ်ချုပ်ရေးမှူးရုံးက ဖေဖော်ဝါရီ ၇ ရက်ညနေပိုင်းက ထုတ်ပြန်ထားသည်။

အဆိုပါ မတော်တဆမှုမှာ မိသားစုတစ်စုက အေးသည့်ဆောင်းရာသီအတွင်း ၎င်းတို့၏နေအိမ်၌ နွေးထွေးရန် ဓာတ်ငွေ့အပူပေးကိရိယာကို အသုံးပြုရာတွင် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဆလင်ဒါမှာ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ရာ သေဆုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

အလားတူ အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်၌ ဖေဖော်ဝါရီ ၅ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ အမျိုးသမီး သုံးဦးသေဆုံးပြီး တစ်ဦးမှာ ဒဏ်ရာရရှိကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ ခေတ်မီအပူပေးစနစ်များ မရှိခြင်းကြောင့် အိမ်ထောင်စုအများစုမှာ ရာသီဥတုပြင်းထန်သည့် ဆောင်းရာသီအတွင်း ၎င်းတို့၏ နေအိမ်များကို အပူပေးရန် ဓာတ်ငွေ့ဆလင်ဒါများနှင့် ရိုးရာမီးဖိုများကို အသုံးပြုလျက်ရှိကြောင်း သိရသည်။

ထို့ကြောင့် အာဖဂန်နစ္စတန်နိုင်ငံ၌ ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

ဆင်ဟွာ

# ဆီးရီးယားနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ရ

**ဒမတ်စကတ် ဖေဖော်ဝါရီ ၈**

ဆီးရီးယားနိုင်ငံ အနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်း ပြည်နယ်အများအပြား၌ ဖေဖော်ဝါရီ ၇ ရက် နှောင်းပိုင်းက မိုးသည်းထန်စွာရွာသွန်းပြီး ရုတ်တရက်ရေကြီးမှုကြောင့် လူသေဆုံးမှုများ၊ ဘေးလွတ်ရာပြောင်းရွှေ့ရခြင်းများနှင့် အရပ်သားများနေထိုင်ရာဒေသများ၌ ကြီးမားသည့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သဖြင့် ၎င်းတို့၏အဖွဲ့ဝင်များအား ကြီးမားသည့် တုံ့ပြန်မှုများကို ဆက်လက်လုပ်ဆောင်စေခဲ့ကြောင်း ဆီးရီးယားအရေးပေါ်နှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုဝန်ကြီးဌာနက ဖေဖော်ဝါရီ ၈ ရက်တွင် ပြောကြားသည်။

ဖေဖော်ဝါရီ ၇ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ မိနစ် ၃၀ အထိ လာတာကီယာ၊ အက်ဒ်လက်ဘ်နှင့် ဟာမာ(Hama) ပြည်နယ်တို့၌ မိုးသည်းထန်စွာရွာသွန်းခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း တရားဝင်သတင်းများအရ သိရသည်။

ရုတ်တရက်ရေကြီးမှုကြောင့် မြို့ပြဒေသများ၌ ပျက်စီးမှုများဖြစ်ပေါ်ကာ အက်ဒ်လက်ဘ်အနောက်ပိုင်း နေရပ်စွန့်ခွာစခန်း ၁၄ ခုရှိ မိသားစု ၃၀၀ ခန့်ကို ထိခိုက်စေခဲ့ကြောင်း သိရသည်။

အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရေကြီးမှုကြောင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့သည့် မိသားစုများကို ကူညီရန် အက်ဒ်လက်ဘ်အနောက်ပိုင်းရှိ ကျောင်းများ၌ ယာယီအမိုးအကာရှစ်ခုကို စီစဉ်ထားကြောင်း သိရသည်။

ဆင်ဟွာ



လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား ပြန်လည်ထိန်းချုပ်။


အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက ဗန်းမောက်ဒေသရှိ မြေပေါ်၊ မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံ ထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့မှုအား တွေ့မြင်ရစဉ်။

❖ *ကျောဖုံးမှ*

အကြမ်းဖက်သမားများအနေဖြင့် ဗန်းမောက်မြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ယာယီသိမ်းပိုက်ထိန်းချုပ်ထားစဉ် ဒေသခံပြည်သူများ၏ နေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ အစိုးရအုပ်ချုပ်မှုယန္တရားပျက်ပြားအောင် လုပ်ဆောင်ခဲ့ခြင်းများကြောင့် ဒေသခံပြည်သူများသည် ဘေးဒုက္ခကြီးစွာဖြင့် ယာယီတိုက်ပွဲရှောင်စခန်းများသို့ ၎င်းတို့၏ တိုက်တာအိုးအိမ်အဆောက်အအုံများ၊ ဥစ္စာပစ္စည်းများကို စွန့်ခွာ၍ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထို့အပြင် အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည် ဗန်းမောက်ဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ်ကာလအတွင်း အဆိုပါဒေသရှိ မြေပေါ်၊ မြေအောက်ရှိ သယံဇာတပစ္စည်းများကို အလွန်အကျွံ ထုတ်ယူအသုံးပြုခဲ့သည့်အတွက် သဘာဝပတ်ဝန်းကျင်များစွာ ထိခိုက်ပျက်စီးခဲ့ရကြောင်း တွေ့ရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဗန်းမောက်မြို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ရေး စစ်ကြောင်းများခွဲ၍ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၂၄ ရက်မှစ၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ပင်ဟင်းခါးရွာ၊ ရွှေကျောင်းရွာ၊ နိုပြင်ရွာ၊ နောင်သာယာရွာ၊ တာဝါတိုင်ကုန်း၊ ခမိုးရွာနှင့် ဖြူးတောင်တစ်ဝိုက်တို့အား လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ဗန်းမောက်မြို့၏ အနောက်ဘက်နှင့် အနောက်မြောက်ဘက် မီတာ ၂၀၀၀ ခန့်အကွာရှိ စစ်ဗျူဟာအရေးကြီးနေရာများအား လည်းကောင်း ဦးစွာထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ ဆောင်ရွက်ကာ နယ်မြေရှင်းလင်းရေးလုပ်ငန်းများကို တစ်ဆင့်ပြီး တစ်ဆင့် ဆောင်ရွက်ခဲ့ပြီး ဗန်းမောက်မြို့အား အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် ဗန်းမောက်မြို့အတွင်း ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနေအိမ်များ၊ ဟိုတယ်များနှင့် အထပ်မြင့်အဆောက်အအုံများတွင် သဲအိတ်ဘန်ကာများ အခိုင်အမာဆောက်လုပ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများကို လူသားတံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါ အဆောက်အအုံများ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရေးအတွက် ထုတ်ပြန်ထားသည့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်း (Rules of Engagement–ROE)နှင့်အညီ ထိန်းထိန်းသိမ်းသိမ်းဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ခဲ့ရသည့်အတွက် စစ်ဆင်ရေးကာလ လေးလကျော်ကြာမြင့်ခဲ့ရပြီး ဖေဖော်ဝါရီ ၈ ရက် ယနေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဗန်းမောက်မြို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက အလုံးစုံပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလအတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၆၉ ကြိမ်ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် အချို့ ကျဆုံး/ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများထံမှ လက်နက်မျိုးစုံ ၂၇ လက်၊ ခဲယမ်း၊ ဗုံးသီးများ၊ အကြမ်းဖက်သမားရုပ်အလောင်းများနှင့် အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရာတွင် အသုံးပြုသည့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရရှိခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဗန်းမောက်မြို့အတွင်း နေရပ်စွန့်ခွာ ဒေသခံပြည်သူများ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးနှင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းပေးခြင်း၊ စာသင်ကျောင်း၊ ဆေးရုံ အဆောက်အအုံများ၏ ပျက်စီးမှုများအား ပြန်လည်ပြုပြင်ပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်းများစသည့် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် မြို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့်အတူ အမြန်ဆုံးဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


လုံခြုံရေးတပ်ဖွဲ့ဝင်များက ဗန်းမောက်မြို့ ပြည်သူ့ဆေးရုံ သိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ မြို့မဘုန်းကြီးကျောင်းအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံ။


အကြမ်းဖက်သောင်းကျန်းသူများက ဗန်းမောက်မြို့ တော်ဝင်ရွှေမြို့တော်ဟိုတယ်နှင့် ဟိုတယ်အတွင်း၌ ခံစစ်ပြင်ဆင်ထားရှိမှု မှတ်တမ်းဓာတ်ပုံ။


လုံခြုံရေးတပ်ဖွဲ့ဝင်များက သိမ်းဆည်းရရှိသည့် ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။


လုံခြုံရေးတပ်ဖွဲ့ဝင်များက အမက(အောင်သာကုန်း) အတွင်း သိမ်းပိုက်ရရှိသည့် ဘန်ကာနှင့်ပစ်ကျင်းများ မှတ်တမ်းဓာတ်ပုံ။



လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့် အလောင်း/ လက်နက်မှတ်တမ်းဓာတ်ပုံ။

# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ် သိကောင်းစရာများ

ဒေါက်တာဇင်နွယ်မြင့် ပါမောက္ခ(ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

**အခြေခံပညာအထက်တန်း ဒွါဒသမတန်း ကျောင်းသား ကျောင်းသူများအနေဖြင့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မကြာမီဖြေဆိုကြရမှာဖြစ်သည်။ ဒါကြောင့် တက္ကသိုလ်ဝင်စာမေးပွဲမှာ ပထဝီဝင်ဘာသာရပ်နဲ့ပတ်သက်ပြီး လွယ်ကူချောမွေ့စွာ ဖြေဆိုနိုင်ရန်ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ သင်ကြားပို့ချမှာဖြစ်သည်။**

ရှေးဦးစွာ ဒွါဒသမတန်း ပထဝီဝင်ဘာသာရပ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင်ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံးစာအုပ်တွင် သင်ခန်းစာအခန်းကြီး(၅)ခန်း ပါဝင်ပါသည်။

အခန်း (၁)သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များအကြောင်းပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း၊ မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကိုအခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမှာဖြစ်သည်။

အခန်း (၂) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုလုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းတို့ပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမှာဖြစ်သည်။

အခန်း (၃)သည် ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သော နည်းလမ်းများ၊ ဥပမာအဖြစ်နိုင်ငံအချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ကမ္ဘာ့လေထုညစ်ညမ်းစေသည့်အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ်ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမှာဖြစ်သည်။

အခန်း (၄) ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသော နိုင်ငံ(၅)နိုင်ငံ ဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါတယ်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမှာဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှစူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်းဖြစ်သည်။ အဝေးမှစူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များအကြောင်း နားလည်စေရန်နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သောအခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံနှင့် သက်ဆိုင်သောအကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်သတင်းအချက်အလက်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်းဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၆ ခုနှစ်တွင်ကျင့်သုံးမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြပါမည်။ မေးခွန်းတွင် အပိုင်း(က)မှ အပိုင်း(စ)အထိ အပိုင်း(၆)ပိုင်း ပါဝင်ကာ အပိုင်းအားလုံးကိုဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ် ၁၀၀ ဖြစ်သည်။

ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က)သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်သည်။ ကျောင်းသားကျောင်းသူများသည် သင်ခန်းစာများအားလုံးကို ခြုံငုံသိနားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန်အတွက် ဓမ္မဓိဋ္ဌာန်မေးခွန်းများကို ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် ၁ ဖြစ်ကာ ၁(က)၊ ၁ (ခ)နှင့် ၁ (ဂ)ဟူ၍ (၃)ပိုင်းပါရှိမည်။ မေးခွန်း ၁ (က)သည် မှား မှန်ရွေး၊ မေးခွန်း ၁(ခ)သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁(ဂ)သည် ပေးထားသော အဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးရန်ဖြစ်သည်။ မေးခွန်း ၁ (က)အတွက် ၁၀ မှတ်၊ ၁ (ခ)အတွက် ၁၀ မှတ်နှင့် ၁ (ဂ)အတွက် ၁၀ မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀)မှတ် ပေးထားခြင်းဖြစ်သည်။ ထိုဓမ္မဓိဋ္ဌာန်မေးခွန်းများကို ဒွါဒသမတန်းသင်ရိုး ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်ရှိ အခန်း(၁)မှ (၅)အထိ အပိုင်းအားလုံးပါဝင်ပြီး အပိုင်းတစ်ပိုင်းစီမှ အညီအမျှထုတ်နုတ်ပြီး မေးမည်ဖြစ်သည်။

အပိုင်း(ခ)တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာ အခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမှာဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် (၂)တွင် မေးခွန်းရှည်(Essay Type)တစ်ပုဒ် သို့မဟုတ် ပေးထားသည့်အကြောင်းအရာ(၃)ခုမှ ကြိုက်နှစ်သက်ရာ နှစ်ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက ၁၄ မှတ်ရပြီး ကြိုက်နှစ်သက်ရာ နှစ်ပုဒ်ကို ရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို ၇ မှတ်စီဖြင့် ၁၄ မှတ် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ၁၄ မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်း ဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကိုမဖြေလိုက ပေးထားသည့် သုံးခုအနက် နှစ်ပုဒ်ကို မေးခွန်းတိုအဖြစ် ဖြေရန်ဖြစ်သည်။

ကျန်အပိုင်းများဖြစ်တဲ့ အပိုင်း(ဂ) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများ၊ အပိုင်း (ဃ) ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်၊ အပိုင်း (င) ဒေသန္တရပထဝီဝင်နဲ့ အပိုင်း(စ) လက်တွေ့ပထဝီဝင်တို့ကိုလည်း မေးခွန်းရှည်၊ မေးခွန်းတိုဖွဲ့စည်းပုံကို အထက်မှာ ပြောခဲ့သည့်ပုံစံအတိုင်း မေးသွားမှာဖြစ်တယ်။

မေးခွန်းအပိုင်း(စ) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ်(၆)ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင်ဖြစ်သည်။ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် မေးခွန်းတိုနှစ်ပုဒ်ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှစူးစမ်းလေ့လာမှုနည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိက အပိုင်းကြီး(၂)ပိုင်းရှိရာ ၎င်းတို့အနက်မှ တစ်ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မေးခွန်းတို သုံးပုဒ်အနက် နှစ်ပုဒ်ကို မှတ်စုတိုရွေးချယ်ဖြေရမည့် အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့် ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များသိမ်းဆည်းရန်လိုအပ်သောပမာဏကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးနိုင်ပါသည်။ ထို့အတူ ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာအပိုင်းမှ အခြေခံသဘောတရားများ၊ သိသင့်သည့်အကြောင်းအရာများကို မေးခွန်းရှည်အဖြစ်မေးနိုင်ပါသည်။

လက်တွေ့ပထဝီဝင်၏ မေးခွန်းတိုအပိုင်းတွင်မူ ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှပုံများပေးထားပြီး တည်နေရာဆိုင်ရာအချက်အလက်များကို မှတ်သားဖော်ပြခိုင်းသည့် ကိုဩဒိနိတ်မေးခွန်းမျိုးလည်း မေးနိုင်ပါသည်။ တွက်ချက်ရန် မေးခွန်းတိုပုစ္ဆာအဖြစ် ၇ မှတ် တန်လည်း မေးနိုင်ပါသည်။

ယခု နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် ၁၄ မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ်မူတည်ပြီး ဂြိုဟ်တုနှင့် အာရုံခံကိရိယာစနစ်အမျိုးမျိုးရှိသည်။ Grade 12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယားအမှတ် (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏ လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့်အချက်များအနက် အိန္ဒိယနိုင်ငံမှလွှတ်တင်ထားသောဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန်ပမာဏ မည်မျှလိုမည်နည်း ဆိုသည့်ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမှာဖြစ်ပါတယ်။ IRS LISS 4 နှင့် သက်ဆိုင်သောအချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမှာဖြစ်တယ်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင်ပေးထားသော အချက်အလက်များကို ချရေးရန်ဖြစ်သည်။ ပုစ္ဆာပါ IRS LISS 4 ၏ အချက်အလက်များကို အောက်ပါအတိုင်း ရေးသားနိုင်သည်။

**ပေးထားချက်**။ ။ ဂြိုဟ်တု = IRS
အာရုံခံကိရိယာ = LISS 4
ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ
မြေပြင်ပေါ်ရှိအရာဝတ္ထုများကိုအသေးစိတ်ခွဲခြားနိုင်မှု(တစ်နည်းအားဖြင့် မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ
ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု
အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်းတွက်သွားရန်ဖြစ်သည်။

**ရှာရန်**။ ။ ကွန်ပျူတာတွင်အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက်နားလည်ရန်လိုသည်။ ထိုသဘောတရားကိုနားလည်ထားပါက မည်သည့်ဂြိုဟ်တုဓာတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူ တွက်ချက်ဖြေဆိုနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သောပုံရိပ်များကို အတိုင်များ(Columns)၊ အတန်းများ(Rows)ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သော စတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက် တစ်ကွက်ချင်းကို ပစ်ဇယ်(Pixel)ဟု ခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိအရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာဖြစ်သည်။ ပစ်ဇယ်အရွယ်အစား(Pixel size)သေးသေးဖြင့်မှတ်နိုင်လေ မြေပြင်ပေါ်ရှိအရာဝတ္ထုများ – ဥပမာ အဆောက်အအုံ၊ ကားလမ်း စသည်တို့ကို ပို၍အသေးစိတ်ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်တယ်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက်ပုံရိပ်ကို ပို၍ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုဓာတ်ပုံ ဆိုသည်မှာ ဂြိုဟ်တုတွင်တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိအခြင်းအရာများကို မှတ်တမ်းတင်ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင် ပေးထားသော IRS LISS 4 မှ ရိုက်ယူသောပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာ ဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်မှာ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာရှိသော အကွက်များဖြင့် တစ်လိုင်းချင်းမှတ်တမ်းတင်သွားမှာဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန်လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကိုရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိအရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့်အရွယ်အစား(Pixel size) ၅.၈ မီတာနှင့် စားရမှာဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းဖို့လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့် မြှောက်ရမည် (၂၄ ကီလိုမီတာ X ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိအရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား(Pixel size) ၅.၈ မီတာဖြင့် စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက်တန်းအရေအတွက် ၄၁၃၈ ကို ရမှာဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက်တန်းတစ်တန်းတွင်ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန်လိုသေးသည်။ ၎င်းအရေအတွက်ကိုရှာရန် ပုံရိပ်၏မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏ အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင်

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို ၁၀၀၀ ဖြင့် မြှောက်ကာ မီတာအဖြစ်ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန် ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင်အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခုပုစ္ဆာတွင်ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင်အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက်(အတန်း)ရှိသောပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက်(အတိုင်)ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။ သို့သော် အချို့ဂြိုဟ်တုပုံရိပ်များသည် အလျား(တန်း) နှင့် အနံ(တိုင်) မတူသည်များလည်း ရှိသည်ကို သိထားရန်လိုသည်။ ထိုသို့ အလျားနှင့် အနံ မတူညီပါက အလျားအတွက်တစ်ခါ၊ အနံအတွက်တစ်ခါ တွက်ပေးရန်လိုသည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိ အလျားလိုက်တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင်ပေးထားသည့် IRS LISS 4 ၌ ရောင်စဉ်စုအရေအတွက်သည် သုံးခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နဲ့ ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ X ၄၁၃၈ X ၃ = ၅၁၃၆၉၃၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့် စားက ၅၁.၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်း ပစ်ဇယ်အရေအတွက်အဖြစ်သာ ရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့် ပမာဏဟုမေးထားခြင်းဖြစ်သည့်အတွက် ရရှိလာတဲ့ ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန်လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု အတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် “ဘစ်” အရေအတွက်ဖြင့်ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင်သိမ်းနိုင်သည့် ပမာဏ(Memory Storage)ကို “ဘစ်”၊ “ဘိုက်”၊ “မီဂါဘိုက်” စသည်တို့ဖြင့် ပြလေ့ရှိသည်။ ဒါကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်**မှ **ဘိုက်**သို့ ယူနစ်ပြောင်းရန် လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက်ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှဖြာထွက်လာသောစွမ်းအင်ကို အသေးစိတ်ခွဲခြားမှတ်သားနိုင်မှု ၇ ဘစ် အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခုကို သိမ်းနိုင်သော ပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော Memory ပမာဏလည်း ကွဲပြားသွားမှာဖြစ်သည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်)ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့်မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမှာဖြစ်တယ်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဆိုတဲ့ အဖြေကို ရမှာဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အလျား / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ ×၁၀၀၀ မီတာ / ၅.၈ မီတာ

(၁ ကီလိုမီတာ=၁၀၀၀ မီတာ)

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် = အာရုံခံကိရိယာမှမြင်တွေ့ရသောမြေပြင်၏အနံ / မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား

= ၂၄ ကီလိုမီတာ ×၁၀၀၀ မီတာ / ၅.၈ မီတာ

= ၂၄၀၀၀ မီတာ / ၅.၈ မီတာ

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သောပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိ ဒေါင်လိုက်တိုင်အရေအတွက် x ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် x ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ x ၄၁၃၈ x ၃

= ၅၁၃၆၉၃၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ်(၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် x ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

∴ကွန်ပျူတာတွင်အချက်အလက်သိမ်းဆည်းရန်လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက်တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၅၈ ရှိ ဇယားနံပါတ် ၅.၃ တွင် ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။

လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များအပိုင်းဖြစ်ပါတယ်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာ အယူအဆအချို့ဖြစ်တဲ့ တည်နေရာ(Location)၊ ဦးတည်ရာ(Direction)၊ အကွာအဝေး (Distance)၊ နေရာ (Space)နှင့် သွားလာရေး(Navigation)တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကို ဖော်ပြသော ဗက်တာ၊ ရာစတာတို့ရဲ့ အခြေခံသဘောတရားကို နားလည်ရန်လိုအပ်သည်။


ဗက်တာအခြေခံပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက် အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိအခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြုဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ်(တစ်နည်းအားဖြင့် အစက်)ဖြင့် ပြလေ့ရှိတယ်။ မျဉ်းတစ်ကြောင်းကိုဖော်ပြရာတွင်မူ ထိုမျဉ်း၏တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့် ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်းရှိနိုင်သည်။ ထိုမျဉ်း၏တည်နေရာကို အစဉ်လိုက်ရှိသော x, y ကိုသြဒိနိတ်များဖြင့်ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၇၆ နှင့် ၁၈၈ တို့တွင်ပါရှိသည့် ပုံများကဲ့သို့ ပုံတစ်ပုံပေးထားပြီး ပေးထားသောပုံမှ အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကို ဖော်ပြပါဟူသော မေးခွန်းမျိုး လေ့ကျင့်ထားသင့်ပါသည်။

နမူနာအဖြစ် အောက်ဖော်ပြပါပုံမှ မျဉ်းပိုင်းတို့နှင့် ထိစပ်နေသော ဧရိယာများ၊ ထိုဧရိယာတို့တွင် ပါဝင်သောမျဉ်းပိုင်းများနှင့် ကိုသြဒိနိတ်အမှတ်များကို ဖော်ပြပါဆိုသည့်မေးခွန်းကို လေ့လာကြည့်မည်။

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ ဘယ်ဘက်နှင့် ညာဘက်ရှိ ဧရိယာများကို (ဇယား –က)တွင် ပြထားသကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းဧရိယာများကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများကို(ဇယား–ခ)ကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ပြီးနောက် ထိုဧရိယာအလိုက် ဖွဲ့စည်းထားသော မျဉ်းပိုင်းတစ်ခုစီ၏ X, Y ကိုသြဒိနိတ်အမှတ်များကို အောက်တွင်ပြထားသည့် ဇယားအတိုင်း(ဇယား–ဂ) မျဉ်းပိုင်းအလိုက် ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရှာခိုင်းသည့် ဧရိယာများ၊ ၎င်းဧရိယာတို့ကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများနှင့် ကိုသြဒိနိတ်အမှတ်များ၏ ဆက်စပ်မှုကို လွယ်ကူစွာဖော်ပြနိုင်မည်ဖြစ်သည်။




**ဖြေဆိုချက်။**

(ဇယား – က)

| မျဉ်းပိုင်းအမည် | ဘယ်ဘက်ရှိဧရိယာ | ညာဘက်ရှိဧရိယာ |
|---|---|---|
| A | 100 | 101 |
| B | 100 | 102 |
| C | 100 | 103 |
| D | 102 | 101 |
| E | 103 | 102 |
| F | 103 | 101 |

(ဇယား – ခ)

| ဧရိယာအမည် | ပါဝင်သောမျဉ်းပိုင်းများ |
|---|---|
| 101 | A, D, F |
| 102 | B, D, E |
| 103 | C, F, E |

(ဇယား – ဂ)

| မျဉ်းပိုင်းအမည် | မျဉ်းပိုင်းတို့၏ X, Y ကိုသြဒိနိတ်အမှတ်များ |
|---|---|
| A | (1,3) (1,9) (4,9) |
| B | (4,9) (9,9) (9,6) |
| C | (9,6) (1,9) (1,1) (1,3) |
| D | (4,9) (4,7) (5,5) (5,3) |
| E | (9,6) (7,3) (5,3) |
| F | (5,3) (1,3) |

ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင်လည်း အခြေခံသီအိုရီ သဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာအခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာအခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကို ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းသည် အလွတ်ကျက်ဖြေခြင်းမှ အထိုက်အလျောက်ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရမည့် အပိုင်းများရှိမည်။ ကျောင်းသားများသည် မေးခွန်းကို သေချာဖတ်ရှုရန်လိုပါမည်။ မေးခွန်းတွင် ဝေဖန်သုံးသပ်ပါ၊ လေ့လာဆန်းစစ်ပါဟု မေးထားပါက မိမိ၏ကိုယ်ပိုင်အမြင်ကို အနည်းငယ်မျှပင်ဖြစ်စေ ထည့်သွင်းဖြေဆိုရမည်ဖြစ်သည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် များစွာအထောက်အကူဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ကျောင်းသား ကျောင်းသူများအားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာဖြေဆိုနိုင်ကြပါစေလို့ဆုတောင်းရင်း သင်ခန်းစာကို ဒီမှာပဲရပ်နားလိုက်ပါတယ်။

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များ ဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့် စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော (၁၁) နှစ်တာ ကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှုအများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်း ရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အထိ (၈)နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ်လေပြင်းဘေး ကျရောက်နိုင်သော ဆောင်းအကုန်နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များ လေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

၅။ ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ/ ဒေါက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များအား လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာ ချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်/ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

**(ခ) အသစ်တည်ဆောက်မည့် အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)အထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသော မြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင်အလွယ်တကူ ကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ ၃ ပုံ ၂ ပုံထိ မြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်အား ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျ တပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသော မျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ်လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်)ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှ ကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့်တစ်ချပ် ၄ လက်မ ခန့်ခြား၍ နှီးဖြင့်ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးအထိ တစ်ခုနှင့်တစ်ခု တစ်ဆက်တစ်စပ်တည်း စနစ်တကျ ချိတ်ဆက်ထားပါ။ နေအိမ်ရဲ့တိုင်၊ ရက်မနှင့် ဆင့်များအား မူလီဖြင့် သေချာစွာ တွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သော ထောက်တန်းများ ထည့်၍ အိမ်ကိုယ်ထည် မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၆။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူ လွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ (သို့) ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၇။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေး နှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်း လုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာ ကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများစသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၈။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## မိုင်းယောင်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်



ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၈ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်)မှ စစ်ဆေးရေးအရာရှိချုပ် ဦးဇော်မျိုးထွေး၊ ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာလင်းနှင့် တာဝန်ရှိသူများသည် အကျယ် ၁၆ ပေ၊ ဒု ၆ လက်မရှိ ဝမ်ကောင်း-ဒွန်းကျိုင်း-ဝမ်ယွတ်-ဝမ်တုန်လမ်း၊ ဝမ်ခိုကဲ-ဟောင်ကျန့်-ဝမ်ကောင်း-ဝမ်တောင်းလမ်းပေါ်ရှိ ပေ ၃၀ ကွန်ကရစ်တံတား တည်ဆောက်ခြင်း (ပထမပိုင်း)လုပ်ငန်းနှင့် ဝမ်တပ်-နမ့်နော်အပေါ်လမ်း မြေသားချဲ့၍ ကျောက်ရော မြေဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ကိုစိုင်းထွန်း**

## ၈ - ၂ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီ ရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ၆၉၀၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## မှော်ဘီမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

**မှော်ဘီ ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အောက်ဝါးနက်ချောင်းကျေးရွာအုပ်စု အင်းတန်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးဝင်းစိုးက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာရွှေက မြစိမ်းရောင်အတိုးရငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ကွန်ကရစ်လမ်းဆောင်ရွက်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အဆိုပါကွန်ကရစ်လမ်းကို မြစိမ်းရောင်အတိုးရငွေနှင့် ပြည်သူထည့်ဝင်ငွေ စုစုပေါင်းကျပ်သိန်း ၂၆၀ ဖြင့် အရှည်ပေ ၅၀၀၊ အကျယ်ကိုးပေ၊ ဒု ခြောက်လက်မရှိကာ အင်းတန်ကျေးရွာရှိပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မေစံပယ်စိုးမိုး**

## လူထုအခြေပြုဗဟိုဌာန (လားရှိုး)၌ အခြေခံဓာတ်ပုံပညာသင်တန်းဆင်းပွဲကျင်းပ

**လားရှိုး ဖေဖော်ဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင်ရုံးနှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံဓာတ်ပုံပညာသင်တန်းဆင်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၅ ရက်က ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တွဲဖက်ပြည်နယ်ရုံး (လားရှိုး)မှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

အဆိုပါ အခြေခံဓာတ်ပုံပညာသင်တန်း (၁/၂၀၂၆)ကို ဖေဖော်ဝါရီ ၃ ရက်မှ ၅ ရက်အထိ စာတွေ့လက်တွေ့ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက် သင်ကြားခဲ့ကြောင်း သိရသည်။


**လူမော်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကို သိရှိရန် မိုးရေ၏pHတန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ကျိုင်းတုံနှင့် မြိတ်စခန်းတို့တွင် မိုးရွာသွန်းခဲ့ပြီး မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း နှစ်စခန်းတို့မှ ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

ပုံ (၂)၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း နှစ်စခန်းတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ မရှိပါကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | ကျိုင်းတုံ | ၆.၇ |
| ၂ | မြိတ် | ၆.၈ |


# ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ရန်ကုန်(ကမ္ဘာအေး)နှင့် ကျိုင်းတုံမြို့တို့၏ လေအရည်အသွေးအခြေအနေများ

**နေပြည်တော် ဖေဖော်ဝါရီ ၈**


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (FPM–377C) ဖြင့် လေထုအတွင်း (2.5µm) နှင့် အောက်သေးငယ်သော အမှုန်အမွှားများ ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ မိုးလေဝသရုံး၌ လေအရည်အသွေးစောင့်ကြည့်တိုင်းတာသည့်ကိရိယာ (Compact Air Quality Monitoring Station – AQM65) ဖြင့် မျက်နှာပြင်အိုဇုန်း ($O_3$)၊ $PM_{10}$ နှင့် $PM_{2.5}$ စောင့်ကြည့်တိုင်းတာခြင်းတို့ကို ၂၄ နာရီ ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းတာရရှိခဲ့သည့် မှတ်တမ်းများအရ ဇန်နဝါရီလအတွင်းတွင် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးအခြေအနေ($PM_{2.5}$) မှာ အသင့်အတင့်အဆင့်၌ ၈ ရက်၊ ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေသောအဆင့်၌ ၂၃ ရက်နှင့် ကျိုင်းတုံမြို့၏ လေအရည်အသွေးအခြေအနေ ($PM_{2.5}$) မှာ အသင့်အတင့်အဆင့်၌ ၂၂ ရက်၊ ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေသောအဆင့်၌ ၉ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။


**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**





ကျိုင်းတုံမြို့၏ $PM_{10}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ





ကျိုင်းတုံမြို့၏ မျက်နှာပြင်အိုဇုန်း ($O_3$) ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း




ကျိုင်းတုံမြို့၏ $PM_{2.5}$ ဆိုင်ရာ လေအရည်အသွေးအညွှန်းကိန်း (AQI)များပြပုံ

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေးအညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ – ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ – ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ – ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေးထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ – ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ – ၃၀၀ | ကျန်းမာရေးကိုအလွန်ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ – ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |



စာဖတ်ပရိသတ်အပေါင်း မင်္ဂလာပါ။ ဒီတစ်ပတ်မှာတော့ အင်္ဂလိပ်စာလေ့လာရာမှာ အခြေခံအကျဆုံးဖြစ်တဲ့ The Eight Parts of Speech (ဝါစင်္ဂရှစ်မျိုး)အကြောင်း အကျယ်တဝင့် ရှင်းလင်းဖော်ပြတဲ့နေရာမှာ Noun(နာမ်)များအကြောင်း အသေးစိတ်ဆက်လက်ဖော်ပြပေးသွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် ဒီတစ်ပတ်မှာတော့ Singular and Plural Nouns (အနည်းကိန်းနှင့် အများကိန်းပုံစံနာမ်များ)အကြောင်း ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း How to talk about requests – II (တောင်းဆိုချက်တွေကို ဘယ်လိုပြောမလဲ)ကို ထင်းခနဲ လင်းခနဲနဲ့ မှတ်မိလွယ်အောင် ရှင်းလင်းချက်များ၊ နမူနာဝါကျများ၊ စကားပြောများနဲ့ ဝေဝေဆာဆာဖော်ပြပေးသွားမှာဖြစ်ပါတယ်။ Vocabulary Enrichment Programme (ဝေါဟာရပဒေသာအစီအစဉ်) အပိုင်းမှာလည်း နေ့စဉ်သုံး အီဒီယမ်တွေကို အဓိပ္ပာယ် ရှင်းလင်းချက်များနဲ့သာမက နမူနာဝါကျများနဲ့ပါ ဖော်ပြပေးထားပါတယ်။ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာကဏ္ဍကို ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ် လေ့လာဖတ်ရှုကြဖို့ ဒီကဏ္ဍကနေ တိုက်တွန်းလိုက်ပါတယ်။

# GRAMMAR

## Basic to Intermediate

**Pronoun (နာမ်စား) နှင့် Adjective (နာမဝိသေသန)တို့ကို အများကိန်း ပြောင်းခြင်း**

| Singular (အနည်းကိန်းပုံစံ) | Plural (အများကိန်းပုံစံ) |
|---|---|
| I | we |
| you | you |
| he | they |
| she | they |
| it | they |
| me | us |
| you | your |
| him | hem |
| her | hem |
| it | them |
| my | our |
| your | your |
| his | their |
| her | their |
| its | their |
| mine | ours |
| yours | yours |
| his | theirs |
| hers | theirs |
| this | these |
| that | hose |

ဒီနေရာမှာ အလျဉ်းသင့်လို့ အင်္ဂလိပ်ရင်းမြစ်ကမဟုတ်တဲ့ တခြား လက်တင်နဲ့ ဂရိကဆင်းသက်လာတဲ့ အနည်းကိန်းနဲ့ အများကိန်းတချို့ကို လက်လှမ်းမီသလောက် ရှာဖွေပြီး ဗဟုသုတအလို့ငှာ ဖော်ပြပေးလိုက်ပါတယ်။ လက်တင်နဲ့ ဂရိက ဆင်းသက်လာတဲ့ အများကိန်းပုံစံတွေကို သိပ္ပံ သို့မဟုတ် နည်းပညာကိုဖော်ပြတဲ့ အရေးအသားတွေမှာ အသုံးများတာကို တွေ့မြင်နိုင်ပါတယ်။

| Singular (အနည်းကိန်း) | Plural (အများကိန်း) |
|---|---|
| **Latin–derived words (လက်တင်က ဆင်းသက်လာသော စကားလုံးအချို့)** | |
| antenna (ဦးမှင်) | antennae (ဦးမှင်များ) |
| addendum (ဖြည့်စွက်ချက်) | addenda (ဖြည့်စွက်ချက်များ) |
| fungus (မှိုတက်ခြင်း) | fungi (မှိုတက်ခြင်းများ) |
| index (အညွှန်း၊ ရည်ညွှန်းချက်) | indices(အညွှန်း၊ရည်ညွှန်းချက်များ) |
| appendix (နောက်ဆက်တွဲ) | appendices (နောက်ဆက်တွဲများ) |
| basis (အခြေခံအကြောင်းရင်း) | bases(အခြေခံအကြောင်းရင်းများ) |
| alga (မှော်ပင်၊ ရေညှိ) | algae (မှော်ပင်များ၊ ရေညှိများ) |
| larva(ပိုးလောင်း၊ပိုးလောက်လမ်း) | larvae (ပိုးလောင်းများ၊ ပိုးလောက်လမ်းများ) |
| nucleus (သက်ရှိကလာပ်စည်းဗဟိုချက်) | nuclei (သက်ရှိကလာပ်စည်းဗဟိုချက်များ) |
| radius(အချင်းဝက်) | radii (အချင်းဝက်များ) |
| formula (ပုံသေနည်း) | formulae (ပုံသေနည်းများ) |
| datum(အချက်အလက်) | data (အချက်အလက်များ) |
| virus (ရောဂါပိုးမွှား) | viruses (ရောဂါပိုးမွှားများ) |
| **Greek–derived words (ဂရိကဆင်းသက်လာသော စကားလုံးအချို့)** | |
| hypothesis (အဆိုကြမ်း၊ အနုမာနအယူအဆ) | hypotheses (အဆိုကြမ်းများ၊ အနုမာနအယူအဆများ) |
| criterion(စံ၊ မှတ်ကျောက်၊ပေတံ) | criteria (စံများ၊ မှတ်ကျောက်များ၊ ပေတံများ) |
| dogma (တရားသေလက်ခံထားသောဝါဒ) | dogmata (တရားသေလက်ခံထားသော ဝါဒများ) |

**Exercise (1) Rewrite these sentences changing the nouns in bold into plural.**

e.g. The **gardener** had **a knife**.
The **gardeners** had **knives**.

1. The **child** asked for **an apple.**
2. The **lady** painted the **shelf.**
3. The **baby** played with **a doll.**
4. The **leaf** fell from the **branch.**
5. Our **cat** caught the **mouse.**
6. The tall **gentleman** spoke to the **woman.**
7. The **boy** fed the **goose.**
8. Our **teacher** told us a story.
9. The **gamewarden** killed the **wolf.**
10. The **man** had a **donkey** and a **horse.**

## VOCABULARY ENRICHMENT PROGRAMME

1. Vocabulary Enrichment Programmea **close shave** = (သီသီကလေးလွတ်ခြင်း)
   We didn't actually hit the other car, but it was **a close shave.**
   ငါတို့တခြားကားကိုတကယ့်ကို မထိခဲ့ပါဘူး။ ဒါပေမယ့် ထိတော့မလို့ သီသီကလေးပဲ လိုတယ်။
2. **to give a person the cold shoulder** (တမင်အဖက်မလုပ်ဘဲ နေသည်။)
   **The new manager** gave him the cold shoulder.
   မန်နေဂျာအသစ်က သူ့ကို တမင်အဖက်မလုပ်ဘဲ နေခဲ့သည်။
3. **to save one's skin** = (အန္တရာယ်ဖြစ်မည့်ဘေးမှ ကယ်တင်သည်။)
   The company is in dire need of new investors **to save their skin.**
   ကုမ္ပဏီသည် အန္တရာယ်ဖြစ်မည့်ဘေးမှ ကယ်တင်ရန် ရင်းနှီးမြှုပ်နှံသူအသစ်များ သေရေးရှင်ရေးတမျှ လိုအပ်နေတယ်။

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။ နောက်တစ်ပတ်မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

# CONVERSATION



**Conversation**

**How to talk about requests–II (တောင်းဆိုချက်တွေကို ဘယ်လိုပြောမလဲ။)**

*could I have …?*
*do you think I could have …?*
*can I have …?*
*I'd like …*
*have you got …?*

၁။ အငြင်းဝါကျပုံစံနဲ့ အနောက်မှာ အမေးနောက်ဆက်သုံးပြီး အရပ်သဘောဆန်ဆန်နဲ့ တစ်စုံတစ်ယောက်ကို တစ်ခုခုလုပ်ခိုင်းလို့ရသလို တောင်းဆိုလို့လည်း ရပါတယ်။ ဥပမာ။

- **You wouldn't give me a lift to the station, would you?** The taxi I ordered hasn't turned up.
  Sure. Jump in.
- **You wouldn't get me some tea when you're at the supermarket, would you?**
  Yes. What kind would you like?

၂။ ယဉ်ယဉ်ကျေးကျေး တောင်းဆိုချင်ရင်တော့ **would you kindly …?** ကိုသုံးနိုင်ပါတယ်။ ဥပမာ။

- **Would you kindly** raise your glasses and drink a toast to the bride and groom?
- **Would you kindly** wait here until the doctor is free to see you?

ဒေါသသံစွက်ပြီး တောင်းဆိုချင်တဲ့အခါမှာလည်း **would you kindly …?** နဲ့ သုံးနိုင်ပါတယ်။ ဥပမာ။

- **Would you kindly** move your car? It's blocking my driveway.
- **Would you kindly** leave now? You're disturbing the other patients.

၃။ အလွန်ယဉ်ကျေးတဲ့ဟန်နဲ့ စာရေးသား တောင်းဆိုတဲ့အခါမှာ **I would be most grateful if you would …** ဆိုပြီး တောင်းဆိုနိုင်ပါတယ်။ ဆိုလိုတဲ့ အဓိပ္ပာယ်ကတော့ "မင်းသာ …. ပေးမယ်ဆိုရင်တော့ ကျွန်တော့်အနေနဲ့ အလွန်ကျေးဇူးတင်မိမှာပဲ"ဥပမာ။

- **I would be most grateful if** you would deal with this request as soon as possible.

၄။ တစ်စုံတစ်ခုကို တောင်းဆိုလိုတဲ့အခါ ပုံမှန်ပြောလေ့ရှိတဲ့ ပုံစံကတော့ **Could I have …?** ပဲ ဖြစ်ပါတယ်။ ပိုပြီးယဉ်ကျေးတဲ့ပုံစံ ဖြစ်ချင်ရင်တော့ **please** ကို ထည့်နိုင်ပါတယ်။ ဆိုလိုတာကတော့ ကျေးဇူးပြု၍ "ရနိုင်မလား" ပေါ့။ ဥပမာ။

- **Could I have** some water? I feel rather faint.
  Certainly. I'll just get some now.
- **Could I have** another piece of that delicious cake, please?
  Certainly. Help yourself.

**Have** ရဲ့ရှေ့မှာ **possibly** ကို ထည့်သွင်းပြီး **Could I possibly have** ဆိုပြီး အသုံးပြုနိုင်ပါတယ်။ နည်းနည်းလေးတော့ ယဉ်ကျေးသယောင် ဖြစ်သွားပါတယ်။ ဥပမာ။

- **Could I possibly have** a cold drink? It's so hot.
  Certainly. I've just made a jug of lemonade.

၅။ **Could I have** နေရာမှာ နောက်တစ်မျိုးသုံးနိုင်တာကတော့ **do you think I could have …?**ပဲ ဖြစ်ပါတယ်။ ပိုပြီးတော့ ယဉ်ယဉ်ကျေးကျေးလေး ပြောချင်ရင်တော့ **please** ဒါမှမဟုတ် **possibly** ကို ထည့်ပြီးသုံးနိုင်ပါတယ်။ ဥပမာ။

- **Do you think I could have** another glass of water? I'm very thirsty.
  Of course. I'll just get it for you.
- **Do you think I could possibly have** some tea? I don't really like coffee.
  I'm sorry, I don't have any.

တစ်ခါတစ်ရံမှာ **do you think I could have** အစား **I wonder if I could (possibly) have …?**ဆိုတဲ့ ပုံစံမျိုးလည်း ပြောနိုင်ပါတယ်။ ဥပမာ။

- **I wonder if I could have** another glass of wine.
  Certainly. Help yourself.
- **I wonder if I could have** some orange juice, please?
  I've only got apple juice, I'm afraid.

၆။ **Could I have …?**ကို သုံးခဲ့သလိုပဲ **Can I have …?** ကိုလည်း သုံးနိုင်ပါတယ်။ ဥပမာ။

- **Can I have** some of that delicious–looking cake?
  Sure. I'll cut a slice for you.
- **Can I have** some more lemonade, please?
  Of course. I'll pour you some.

**Collect the children**

**Meg:** I wonder if you could possibly collect the children from nursery for me today, Mum. I've got an important meeting at work.
**Mum:** Certainly, Meg. Could you tell the teacher I'll be there instead of you?
**Meg:** Of course. Do you think you could be there in plenty of time? The children get anxious if they have to wait.
**Mum:** Yes, of course. You know me! I'm always early. Will you collect the children from my house about six o'clock.
**Meg:** I'll do that, thanks, Mum.
**Mum:** You wouldn't give me a lift home now, would you?
**Meg:** Sure, Mum!

# ထရန်ဆဲလ်ဗေးနီးယားဗိုလ်လုပွဲတွင် ပြိုင်ဘက်ကို ရှုံးနိမ့်ပြီး ဖလားဆွတ်ခူးခွင့် ရာဒူကာနူ လွဲချော်

ဗြိတိန်နာမည်ကြီး တင်းနစ်မယ် အမ်မာ ရာဒူကာနူသည် ထရန်ဆဲလ်ဗေးနီးယားအိုးပင်း အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် ပြိုင်ဘက် ရိုမေးနီးယားတင်းနစ်မယ် ဆိုရာနာ ဆာစတီယာကို ရှုံးနိမ့်ခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဖလားဆွတ်ခူးခွင့်နှင့် လွဲချော်ခဲ့ပြီဖြစ်သည်။

ထရန်ဆဲလ်ဗေးနီးယားအိုးပင်းပြိုင်ပွဲသည် ရိုမေးနီးယားနိုင်ငံ ကလုဂျ်-နာပိုကာမြို့၌ ကျင်းပသည့် ဒဗလျူတီအေ ၂၅၀ အဆင့်ရှိ အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည်။ အသက် ၂၃ နှစ် အရွယ် ဗြိတိန်နံပါတ်တစ် တင်းနစ်မယ် ရာဒူကာနူသည် ဗိုလ်လုပွဲတွင် အသက် ၃၅ နှစ်အရွယ် တင်းနစ်မယ် ဆာစတီယာကို ၆-၀၊ ၆-၂ ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ကာ ဖလားဆွတ်ခူးခွင့် လွဲချော်ခဲ့ခြင်း ဖြစ်သည်။

ရာဒူကာနူသည် ၂၀၂၁ ခုနှစ်က ယူအက်စ်အိုးပင်းဖလားပြိုင်ပွဲတွင် ဖလားဆွတ်ခူးရရှိပြီးနောက် အောင်မြင်မှုနှင့် အလှမ်းဝေးကွာနေသူဖြစ်သည်။ ရာဒူကာနူသည် ထရန်ဆဲလ်ဗေးနီးယားအိုးပင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်တွင် ပြိုင်ဘက်ယူကရိန်းတင်းနစ်မယ် အိုလက်ဆန်ဒရာ အိုလီနီကိုဗာကို သုံးနာရီနီးပါးကြာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ၇-၅၊ ၃-၆၊ ၆-၃ ရလဒ်ဖြင့် နိုင်ပွဲရရှိကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။

ဆိုရာနာ ဆာစတီယာသည် ကွာတားဖိုင်နယ်တွင် လက်ရှိချန်ပီယံ သြစတြီးယားတင်းနစ်မယ် ပိုတာပိုဗာ၊ ဆီမီးဖိုင်နယ်တွင် ဒါရီယာ စနီဂါတို့ကို အနိုင်ယူကျော်ဖြတ်ကာ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းလာသူ ဖြစ်သည်။ ဗိုလ်လုပွဲတွင်လည်း ပြိုင်ဘက်ရာဒူကာနူကို ထပ်မံအနိုင်ယူကျော်ဖြတ်ကာ ထိုက်ထိုက်တန်တန်ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။



# ဘရန့်ဖို့ဒ်က ကာဆယ်ကို အနိုင်ယူပြီး စိန့်ဂျိမ်းပတ်ခ်ကွင်း၌ ၉၂ နှစ်ကြာနိုင်ပွဲမရရှိမှု အဆုံးသတ်

ဖေဖော်ဝါရီ ၈ ရက် နံနက်အစောပိုင်းက စိန့်ဂျိမ်းပတ်ခ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် နယူးကာဆယ်နှင့် ဘရန့်ဖို့ဒ်အသင်းပွဲစဉ်တွင် ဘရန့်ဖို့ဒ်အသင်းက အကြိတ်အနယ်ယှဉ်ပြိုင်ကစားကာ သုံးဂိုး-နှစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့ကြောင့် ဘရန့်ဖို့ဒ်အသင်းသည် စိန့်ဂျိမ်းပတ်ခ်ကွင်း၌ ၉၂ နှစ်ကြာ နိုင်ပွဲမရရှိမှုမှတ်တမ်းဆိုးကို အဆုံးသတ်နိုင်ခဲ့သည်။



နယူးကာဆယ်အသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ သုံးပွဲဆက် ရှုံးနိမ့်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ နယူးကာဆယ်အသင်းသည် ဘရန့်ဖို့ဒ်အသင်းကို ပွဲချိန်အများစု တစ်ဖက်သတ်ကစားနိုင်ခဲ့သော်လည်း ဂိုးရရှိနိုင်သည့်အခွင့်အရေးများကို သွင်းဂိုးများအဖြစ် ပြောင်းလဲနိုင်စွမ်း မရှိသည့်အတွက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။ ဘရန့်ဖို့ဒ်အသင်းက နှစ်ပွဲဆက်နိုင်ပွဲနှင့်အတူ ရမှတ် ၃၉ မှတ်ဖြင့် အဆင့် (၇) သို့ တက်လှမ်းနိုင်ခဲ့သည်။ ဘရန့်ဖို့ဒ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် အမှတ်ပေးဇယားဦးဆောင်သူ အာဆင်နယ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားပွဲစဉ်ရလဒ်များတွင် အာဆင်နယ်က ဆန်းဒါးလန်းကို သုံးဂိုး-ဂိုးမရှိ၊ ဝက်စ်ဟမ်းက ဘန်လေကို နှစ်ဂိုး-ဂိုးမရှိ၊ အဲဗာတန်က ဖူလ်ဟမ်ကို နှစ်ဂိုး-တစ်ဂိုး၊ ချယ်ဆီးက ဝုဖ်ကို သုံးဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ဘုန်းမောက်နှင့် အက်စ်တွန်ဗီလာပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။



## လိဂ်ဝမ်းကလပ် ဝီဂန်က ရှိုင်ယန်လိုဝီကို နည်းပြအဖြစ်မှ ထုတ်ပယ်

လိဂ်ဝမ်းကလပ် ဝီဂန်အသင်းသည် ဖေဖော်ဝါရီ ၇ ရက်က ပီတာဘရော့ဂ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ယခုအခါ ရှိုင်ယန်လိုဝီကို နည်းပြအဖြစ်မှ ထုတ်ပယ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

၎င်းသည် ဝီဂန်အသင်းကို နည်းပြအဖြစ် ၁၁ လကြာတာဝန်ယူပြီးနောက် ထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။ အသက် ၄၇ နှစ်အရွယ် အဆိုပါ နည်းပြကို ၂၀၂၅ ခုနှစ် မတ်လတွင် သုံးနှစ်ခွဲစာချုပ်ဖြင့် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ၎င်းတာဝန်ယူကိုင်တွယ်သည့် ပွဲစဉ် ၄၉ ပွဲတွင် ၁၂ ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်သည်။ ဝီဂန်အသင်းသည် လက်ရှိ လိဂ်ဝမ်း ၂၉ ပွဲကစားပြီးချိန်တွင် ရမှတ် ၃၁ မှတ်ဖြင့် တန်းဆင်းဇုန်အတွင်း ကျရောက်နေသည်။

## စကော့တလန်ကလပ် ဆဲလ်တစ်အသင်းသို့ ချိန်ဘာလိန် ပြောင်းရွှေ့

အဲလက်စ်အောက်စ်လိတ်ချိန်ဘာလိန်သည် စကော့တလန်ကလပ် ဆဲလ်တစ်အသင်းသို့ ပြောင်းရွှေ့သွားပြီ ဖြစ်သည်။ အာဆင်နယ်နှင့် လီဗာပူး ကွင်းလယ်ကစားသမားဟောင်း ချိန်ဘာလိန်သည် ဩဂုတ်လတွင် တူကီယဲကလပ် ဘီဆစ်တပ်စ်အသင်းမှ ထွက်ခွာပြီးနောက် အသင်းလက်မဲ့နေသူ ဖြစ်သည်။ ဆဲလ်တစ် အသင်းသည် စကော့တလန်လိဂ်တွင် ၂၄ ပွဲကစားပြီး ၄၈ မှတ်စုဆောင်းရရှိထားသည်။




## လက်စတာက ဘာမင်ဂမ်ကို ရှုံးနိမ့်

ချန်ပီယံရှစ်အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၃၁) မှ ဖေဖော်ဝါရီ ၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့သည့် ဘာမင်ဂမ်နှင့် လက်စတာအသင်းပွဲစဉ်တွင် ဘာမင်ဂမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။ လက်စတာအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ချန်ပီယံရှစ် ပွဲစဉ် (၃၁) အပြီးတွင် ရှုံးပွဲ ၁၃ ပွဲနှင့်အတူ ရမှတ် ၃၂ မှတ်သာ စုဆောင်းရရှိထားသေးသည်။ ထို့ကြောင့် တန်းဆင်းဇုန်မှ ဘလက်ဘန်းအသင်းနှင့် ရမှတ် ၃၂ မှတ်တူညီသွားခဲ့ပြီ ဖြစ်သည်။ ချန်ပီယံရှစ်ပွဲစဉ် (၃၁) အပြီးတွင် ကိုဗင်ထရီအသင်းသည် ဒုတိယနေရာမှ မစ်ဒယ်ဘရော့အသင်းထက် တစ်ပွဲပိုကစားပြီး တစ်မှတ်အသာ ၅၉ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။

## နောက်ဆုံးရ အားကစားသတင်းတိုများ

- ရီးရဲမက်ဒရစ်က မန်စီးတီးကွင်းလယ်ကစားသမား ရိုဒရီ (၂၉နှစ်) ကို ခေါ်ယူရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသည်။
- အာဆင်နယ်က ဘိုင်ယန်မြူးနစ် ကွင်းလယ်ကစားသမား လီယွန်ဂိုရက်ဇ်ကာ (၃၀ နှစ်) ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူလိုနေသည်။
- အင်တာမီလန်အသင်းက နည်းပြ ခရစ္စတီယန် ချီဗူးကို တစ်နှစ်သက်တမ်းတိုးရန် ကမ်းလှမ်းသွားမည်။
- ဘာစီလိုနာက အင်္ဂလန်တိုက်စစ်ကစားသမား ရက်ဖို့ဒ် (၂၈ နှစ်) ကို အမြဲတမ်းခေါ်ယူရန် ဆုံးဖြတ်ထားသည်။

## ပရီမီယာလိဂ်ပွဲစဉ် (၂၆)

| | | | |
|---|---|---|---|
| ၁၁-၂-၂၀၂၆ | | (ဗုဒ္ဓဟူးနေ့) | |
| ချယ်ဆီး | - | လိဒ်စ် | နံနက် ၂း၀၀ |
| အဲဗာတန် | - | ဘုန်းမောက် | နံနက် ၂း၀၀ |
| စပါး | - | နယူးကာဆယ် | နံနက် ၂း၀၀ |
| ဝက်စ်ဟမ်း | - | မန်ယူ | နံနက် ၂း၄၅ |
| ၁၂-၂-၂၀၂၆ | | (ကြာသပတေးနေ့) | |
| ဗီလာ | - | ဘရိုက်တန် | နံနက် ၂း၀၀ |
| ပဲလေ့စ် | - | ဘန်လေ | နံနက် ၂း၀၀ |
| မန်စီးတီး | - | ဖူလ်ဟမ် | နံနက် ၂း၀၀ |
| နော့တင်ဟမ် | - | ဝုဖ် | နံနက် ၂း၀၀ |
| ဆန်းဒါးလန်း | - | လီဗာပူး | နံနက် ၂း၄၅ |
| ၁၃-၂-၂၀၂၆ | | (သောကြာနေ့) | |
| ဘရန့်ဖို့ဒ် | - | အာဆင်နယ် | နံနက် ၂း၃၀ |

## ကိုပါအီတာလီယာ ကွာတားဖိုင်နယ်

| | | | |
|---|---|---|---|
| ၁၁-၂-၂၀၂၆ | | (ဗုဒ္ဓဟူးနေ့) | |
| နာပိုလီ | - | ကိုမို | နံနက် ၂း၃၀ |
| ၁၂-၂-၂၀၂၆ | | (ကြာသပတေးနေ့) | |
| ဘိုလော့ဂ်နာ | - | လာဇီယို | နံနက် ၂း၃၀ |

## DFB Pokal ကွာတားဖိုင်နယ်

| | | | |
|---|---|---|---|
| ၁၁-၂-၂၀၂၆ | | (ဗုဒ္ဓဟူးနေ့) | |
| ဟာသာ | - | ဖရိုင်းဘတ် | နံနက် ၂း၁၅ |
| ၁၂-၂-၂၀၂၆ | | (ကြာသပတေးနေ့) | |
| ဘိုင်ယန် | - | လိုက်ပ်ဇစ် | နံနက် ၂း၁၅ |

## ကိုပါဒယ်ရေး ဆီမီးဖိုင်နယ်

| | | | |
|---|---|---|---|
| ၁၂-၂-၂၀၂၆ | | (ကြာသပတေးနေ့) | |
| ဘီလ်ဘာအို | - | ဆိုစီဒက် | နံနက် ၂း၃၀ |
| ၁၃-၂-၂၀၂၆ | | (သောကြာနေ့) | |
| အေတီမက် | - | ဘာစီလိုနာ | နံနက် ၂း၃၀ |

## ပရီမီယာလိဂ် ဂိုးအများဆုံးသွင်းယူထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| ဟာလန်း | မန်စီးတီး | ၂၀ |
| သီယေဂို | ဘရန့်ဖို့ဒ် | ၁၇ |
| ဆီမန်ညို | မန်စီးတီး | ၁၂ |
| အီကီတီကေး | လီဗာပူး | ၁၀ |
| အမ်ဘူမို | မန်ယူ | ၉ |

■ မိုးဇက်-စုစည်းရေးသားသည်

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ပူဇာနှင့် စာအောင်သံဃာတော်အရှင်သူမြတ်များအား ပူဇော်ပွဲအခမ်းအနားကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အမှတ်(၁၆၈)ရပ်ကွက် မေတ္တာရိပ်ဆွမ်းလောင်းအသင်းကြီးမှ ကြီးမှူးပူဇော်အပ်သော မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ပူဇာနှင့် စာအောင်သံဃာတော်အရှင်သူမြတ်များအား ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက အမှတ်(၁၆၈)ရပ်ကွက် ချမ်းမြေ့မေတ္တာ ကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ကြပြီး နိုင်ငံတော်သံဃနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်၍ ကြွရောက်တော်မူလာသော ဆရာတော်ကြီးနှင့် တကွ သံဃာတော်အရှင်သူမြတ်များအား အမှတ်(၁၆၈)ရပ်ကွက် သံဃနာယက ဥက္ကဋ္ဌဆရာတော်ဖြစ်တော်မူသော ချမ်းမြေ့မေတ္တာ ကျောင်းတိုက် ဆရာတော်မှ ဝမ်းမြောက်စွာဖြင့် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ၂၀၂၅ ခုနှစ်တွင် နိုင်ငံတော်အစိုးရမှ ဆက်ကပ်တော်မူသော သာသနာပြုဘွဲ့ "မဟာသဒ္ဓမ္မ ဇောတိကဓဇ" ဘွဲ့တော်ရ ရွှေတောင်ဦး ပရဟိတ ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တ အရှင်ဣန္ဒသာရအရှင်သူမြတ်နှင့် ၂၀၂၅ ခုနှစ်တွင် အစိုးရပရိယတ္တိ စာမေးပွဲ အောင်မြင်တော်မူကြကုန်သော သာသနာ့အာဇာနည် သုတဗုဒ္ဓ အရှင်သူမြတ်တို့အား တပည့်ဒါယကာ ဒါယိကာမများက လှူဖွယ်များ ဆက်ကပ်လှူဒါန်း၍ ဂုဏ်ပြုပူဇော်ခဲ့ကြသည်။

**အခမ်းအနား ရုပ်သိမ်း**

ဆက်လက်၍ နိုင်ငံတော်သံဃနာယကဥက္ကဋ္ဌ သန်လျင်မင်းကျောင်း ဆရာတော်ကြီးထံမှ ဩဝါဒတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းလောင်း၍ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားအား ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**ဖြိုးစန္ဒာ(ဆိပ်ကမ်း)**

◆ *ကျောဖုံးမှ*

အဆိုပါ လှေလှော်ပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဖေဖော်ဝါရီ ၇ ရက်မှ စတင်ကာ ဖေဖော်ဝါရီ ၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဗိုလ်လုပွဲကို ဖေဖော်ဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ကျန်းမာရေးစစ်ဆေး

**ပဲခူး ဖေဖော်ဝါရီ ၈**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ဖေဖော်ဝါရီ ၆ ရက်က ပဲခူးမြို့ ခုတင် (၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ပဲခူးခရိုင်အတွင်းရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကဆရာတော်၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော်များ၊ ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား (Medical Checkup) ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးကြသည်။

ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအား ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ပေးရာတွင် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက သက်ဆိုင်ရာကျောင်းတိုက်အသီးသီးသို့ သွားရောက်၍ ပဏာမ ကျန်းမာရေးစစ်ဆေးခြင်းများ ပြုလုပ်ပေးခဲ့ပြီး ဆေးကုသရန်လိုအပ်သည့် ထေရ်ကြီးဝါကြီးဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီး အပါး ၃၀ တို့အား ပဲခူးမြို့ဆေးရုံကြီး၌ ဆေးကုသပေးခြင်းများ ပြုလုပ်သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်ပေးနေမှုကို ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကု ဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်၊ ဒုတိယဆေးရုံအုပ်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးမိုးကျော်တို့က လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သက်ထက်**

# စီမံကိန်းသီးနှံ ဆူရာကီရမ်နေကြာစိုက်ခင်းများ ကွင်းဆင်းကြည့်ရှု

**ညောင်ရွှေ ဖေဖော်ဝါရီ ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာ ရောင်နီဦးစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း အသင်းသားပိုင် နေကြာစိုက်ခင်းများတွင် ဆူရာကီရမ် နေကြာစိုက်ပျိုးဖြစ်ထွန်းနေမှုများကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်မိုးတင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ (အရှေ့ပိုင်း)သမဝါယမအသင်းစုချုပ် အမှုဆောင်၊ မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်အသင်းစုတို့မှ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုခဲ့သည်။



အဆိုပါ ကွင်းဆင်းကြည့်ရှုစဉ် ပြည်နယ်ညွှန်ကြားရေးမှူးက ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ရွက်ဖျန်းအားဆေးများ၊ သဘာဝမြေဩဇာများထည့်သွင်းစေပြီး အသင်းသားအကျိုးရရှိစေရေး အသင်းအဆင့်ဆင့်မှပူးပေါင်းဆောင်ရွက်ကြရန်နှင့် ထွက်ရှိလာသော နေကြာများကို သမဝါယမအသင်းပိုင် ဆီစက်များတွင်ကြိတ်ခွဲစေပြီး သမဝါယမအသင်းလမ်းကြောင်းမှတစ်ဆင့် ဈေးနှုန်းသက်သာစွာဖြန့်ဖြူးနိုင်ရေး၊ မြို့နယ်သမဝါယမအသင်းစုပိုင်ဆီစက်တွင် အချိန်ပြည့်လည်ပတ်နိုင်ရေး၊ အသင်းသားများမှ ထွက်ရှိလာသော နေကြာများကို ဝယ်ယူသိုလှောင်ခြင်း၊ ဆီကြိတ်ခွဲဖြန့်ဖြူးခြင်းများ ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

◯ *ကျောဖုံးမှ*

တန်းဆင်းဇုန်အထက်တွင် ပြတ်သားသောရလဒ်ဖြင့် ရပ်တည်နိုင်ရေး အားစိုက်ကစားလာသော အယ်ချီအသင်းသည် ဆိုစီဒက်အသင်းကို ခြေစွမ်းအသာဖြင့် ကစားနိုင်ခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ကို ကျော်ဖြတ်နိုင်စွမ်းမရှိသည့်အတွက် ဂိုးပြတ်ရှုံးပွဲကြုံတွေ့ခဲ့သည်။ အယ်ချီအသင်းသည် ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ခုနစ်ပွဲတွင် နိုင်ပွဲရယူထားနိုင်ခြင်းမရှိဘဲ ရှုံးပွဲငါးပွဲအထိရှိလာပြီဖြစ်သည်။ ပြိုင်ဘက်ဆိုစီဒက်အသင်းက ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် နောက်ဆုံးယှဉ်ပြိုင်ကစားထားသည့် ပြိုင်ပွဲစုံ ၁၀ ပွဲတွင် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိသည့် မှတ်တမ်းပိုင်ဆိုင်ခဲ့သည်။

ဆိုစီဒက်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော အိုယာဇာဘယ်သည် လာလီဂါ ပွဲ ၂၀ တွင် ဂိုးဖန်တီးမှု သုံးကြိမ်နှင့် သွင်းဂိုး ကိုးဂိုးရှိလာပြီ ဖြစ်သည်။ လာမည့်ပွဲစဉ်အဖြစ် ဆိုစီဒက်က ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် ဘီလ်ဘာအိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ပြိုင်ဘက်အယ်ချီက လာလီဂါပြိုင်ပွဲတွင် အိုဆာဆူနာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**အောင်ဇော်**

# ကြို့ပင်ကောက်မြို့၌ ကျန်းမာရေးဆိုင်ရာ အသိပညာပေး

**ကြို့ပင်ကောက် ဖေဖော်ဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် တောင်ရိုးကွင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲတွင် ကျန်းမာရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ယမန်နေ့က ကျင်းပသည်။

ဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဖွဲ့ခေါင်းဆောင် ဆရာဝန် ဒေါက်တာမေဇော်က ကျေးလက်နေ ပြည်သူများ ကျန်းမာရေးနှင့် ညီညွတ်သော လူနေမှုဘဝပုံစံများကို သိရှိလိုက်နာဆောင်ရွက်နိုင်ကြစေရန် မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းစိုး၏ ညွှန်ကြားမှုဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် ကုန်စည်များနှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များနှင့် အကောက်ခွန်ဦးစီးဌာနတို့မှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိရာ တာဝန်သိပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကြောင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းမှန် ၅၉ ကြိမ် ရရှိခဲ့ပြီး သတင်းရရှိမှုကြောင့် ဖမ်းဆီးရမိ အမှုတွဲ ၁၄၅ မှု၊ ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၆ ဒသမ ၉၄၈ သန်းနှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် လိုင်စင်ရှိ/ လိုင်စင်မဲ့ မော်တော်ယာဉ်များ ဖမ်းဆီးရမိခဲ့သည်။

**သတင်းပေးတိုင်ကြား**

သတင်းပေးတိုင်ကြားမှုများကြောင့် တရားမဝင် သစ်မျိုးစုံနှင့် အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများအပါအဝင် တရားမဝင်ကုန်ပစ္စည်း တင်ဆောင်သည့် လိုင်စင်ရှိ/လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ငါးဖမ်းစက်လှေများ ဖမ်းဆီးရမိခဲ့သည်။

ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သဖြင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင် တင်ပို့/တင်သွင်းမှုများအား သတင်းပေးတိုင်ကြားရန်ဖြစ်သည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၃၆ ဒသမ ၉၄၈ သန်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ကျပ် ၂၄၆၇ ဒသမ ၃၉၀ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများက မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တာဝန်သိပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း ၀၉-၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်- ၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltrade-info@ gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စိုက်ပျိုးရေးတက္ကသိုလ် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား (၂၆) ကြိမ်မြောက်ပူဇော်ကန်တော့ပွဲ နှိုးဆော်ဖိတ်ကြားလွှာ

စိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့ရများက ကြီးမှူးကျင်းပသော အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၂၆) ကြိမ်မြောက် ပူဇော်ကန်တော့ပွဲ ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တပည့်ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံညီစွာတက်ရောက် ပူဇော်ကန်တော့နိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

**ပူဇော်ကန်တော့ပွဲအစီအစဉ်**

**နေ့ရက်** - ၂၈-၂-၂၀၂၆ ရက်၊ (စနေနေ့)
**အချိန်** - နံနက် (၈) နာရီ
**နေရာ** - တက္ကသိုလ်စိန်ရတုခမ္မာရုံ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်

**ပူဇော်ကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်ထောင်မြို့နယ်၊ (၅) ရပ်ကွက်၊ လမ်း (၅၀)၊ လမ်း (၅၀) ကွန်ဒိုတာဝါ (B) အိမ်ရာ၊ လမ်း (၅၀) ကွန်ဒို၊ အခန်းအမှတ် (၆၀၁)၊ (၆-လွှာ)၊ အကျယ်အဝန်း(၁၂၀၀ စတုရန်းပေ)ရှိသော ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနရှိ စုပေါင်းပိုင် အဆောက်အအုံပိုင်ဆိုင်ခွင့်မှတ်တမ်းစာအုပ်တွင် အမည်ပေါက်သူ ဒေါ်မြမြဝင်း(၁၂/မဂတ(နိုင်)၀၇၀၁၁၃)အမည်ပေါက်ပိုင်ဆိုင်သည့်တိုက်ခန်းနှင့်တကွ ယင်းနှင့်စပ်လျဉ်းသည့် ဥပဒေအရ ဆိုင်ရေးဆိုင်ခွင့်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆိုပါအမည်ပေါက်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သင်းသင်းလှိုင် (၁၂/ဗတထ(နိုင်)၁၀၈၈၄၅) က ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့တရား ဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိဆက်လက်ဆောင်ရွက်သွားမည်ဖြစ်၍ ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဇော်မျိုးနိုင် LL.B, D.B.L အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)
အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉ ၂၅၀ ၂၉၀ ၇၈၁၊ ၀၉ ၇၉၅ ၆၃၁ ၉၀၀

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၇)၊ စိန္တာမဏိလမ်း၊ မြေကွက်အမှတ် (၂၇၅/က)၊ အကျယ်အဝန်း (၂၀ပေ× ၆၀ပေ)ရှိ နှစ်(၆၀) ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဂရန်အမည်ပေါက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်ခင်စန်းဦး ( ၁၂ /အလန(နိုင်) ၀၀၅၇၂၁ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဥမ္မာခင် (၁၂/ဗဟန (နိုင်) ၀၆၀၄၉၂ )က ဝယ်ယူရန်အတွက်စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးထိန်လင်းသန်း | ဒေါ်ပြည့်ပြည့်ဖြိုး |
| LL.B, D.B.L, D.I.L, D.M.L | LL.B, D.B.L, D.I.P.L |
| တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄) |

ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369




## ကျောက်ဆည်တက္ကသိုလ်၌ (အဝေးသင် သင်တန်း) စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်

**စဉ့်ကိုင် ဖေဖော်ဝါရီ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျောက်ဆည်တက္ကသိုလ်၌ ၂၀၂၅ ပညာသင်နှစ်တွင် (အဝေးသင်သင်တန်း) စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ရှိ ကေရာဇ်ခန်းမဆောင်အတွင်း၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာလဲ့လဲ့ဝေက ပညာရေးအဖွဲ့မှ ထောက်ခံချက်ပေးပြီးသော ဘွဲ့များနှင့် စပ်လျဉ်း၍ ကတိများ မေးမြန်းပြီး ဘွဲ့ရမောင်မယ်များက ကတိသစ္စာပြုကြသည်။

ယင်းနောက် ပါမောက္ခချုပ်က ၂၀၂၅ ပညာသင်နှစ် (အဝေးသင်သင်တန်း) တွင် ထူးချွန်စွာအောင်မြင်ခဲ့သော ဝိဇ္ဇာဘွဲ့၊သိပ္ပံဘွဲ့ ရရှိသူ ၅၀၃၆ ဦးနှင့် အဝေးရောက်ဘွဲ့ရရှိသူ အဝေးရောက်ဘွဲ့ယူသူ ၁၆၁ ဦးတို့အား ဘွဲ့များ ပေးအပ်ချီးမြှင့်သည်။

ကျောက်ဆည်တက္ကသိုလ်၌ (အဝေးသင် သင်တန်း) စတုတ္ထအကြိမ်မြောက် ဘွဲ့နှင်းသဘင်ကို အပိုင်း(၁၄)ပိုင်းဖြင့် ကျင်းပပြီး ဖေဖော်ဝါရီ ၇ ရက်က အပိုင်း (၁)၊(၂) နှင့် ယနေ့တွင် အပိုင်း(၃)၊ (၄) ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်စွာ(စဉ့်ကိုင်)**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးတင်ဇော်လင်း ပိုင်ဆိုင်သော ရေယာဉ်အုပ်လက်မှတ် တရအ -၀၁၃၅၂၄ နှင့် သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် မန်း- ၇၃၅/၂၀၁၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၇၆၅၂၁၉၃၂**

## အမည်ပြောင်း

ဦးညီညီလွင် ၉/ကဆန(နိုင်) ၁၅၅၇၈၆ ၏သား ကျောက်ဆည်မြို့၊ အမက(၈)မူလွန် Grade-1 မှ မောင်အောင်ခန့်မင်း အား မောင်လင်းသုခအောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်လင်းသုခအောင်**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ငှက်ပျောကျွန်းကျေးရွာနေ မပိတောက်၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုး ၁၄/ညတန(နိုင်)၀၃၄၇၉၂ ဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း

ပင်လောင်းမြို့နယ်၊ လုံးပျဉ်ကျေးရွာအုပ်စု၊ ဆောင်းပြောင်း(ရွာမ)နေ မစန္ဒာဝင်း ၁၃/ပလန(နိုင်) ၁၂၇၁၆၇၏ ဖခင် ဦးထွက်ဟိန်(ခ) ဦးဟိတ် ၁၃/ပလန(နိုင်) ၀၅၈၈၈၆ မှာ လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1R/6698 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ကြော်ငြာစာ

